# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၄)၊ အမှတ် (၁၀၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြား

# ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ၎င်းအဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးအသိအမြင်များ အမြဲမပြတ်ရှိနေရမည်

နေပြည်တော် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းမြင့်သာရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑



ယနေ့ ဖတ်စရာ

**အစဉ်အလာကြီးမားသည့် ဂုဏ်ဒြပ်ကို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှတစ်ဆင့် ထုတ်ဖော်ပြသကြပါစို့** ဆောင်းပါး စာ ၁၄

**မြင့်မားသည့် ပညာရေးဖြင့်သာ နိုင်ငံဖွံ့ဖြိုးသာယာအောင် စွမ်းဆောင်နိုင်မှာပါ** ဆောင်းပါး စာ ၁၅



ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၉) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရှင်းလင်းတင်ပြစဉ်။

❖ **ရန်ကုန်တိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ အတူတကွ ပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်၊ လုံခြုံရေးနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့် လုံခြုံရေးဟူ၍မရှိဘဲ ပြည်သူလူထုပါဝင်သည့် လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည်**

❏ *ရွှေဖုံးမှ*

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### လုံခြုံရေးပိုင်းဆိုင်ရာဆောင်ရွက်ထားရှိမှုများ အသီးသီးရှင်းလင်းတင်ပြ

ဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်နယ်အလိုက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိမှု၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သမားများဖော်ထုတ်ရမိမှုနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှု၊ တပ်နယ်များအလိုက် နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွ စုပေါင်း၍ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ ဘုရား၊ စေတီများ၌ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များနှင့် မြို့နယ်များအလိုက်၊ လမ်းမကြီးများအလိုက်ရှိ စစ်ဆေးရေးနေရာများတွင် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် လိုအပ်သည်များထောက်ပံ့ပေးနိုင်မှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများအား ကောက်ကွက်များအလိုက် ကောက်ယူဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ အားလုံးက အတူတကွ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လုံခြုံရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေး၊ လုံခြုံရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူလူထုများအားလုံး လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်ဖြင့် ဆောင်ရွက်ရမည်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ အတူတကွပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့် လုံခြုံရေးဟူ၍မရှိဘဲ ပြည်သူလူထုပါဝင်သည့် လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးသည် လုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ပြည်သူများက အသိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ပြည်သူများက လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့်လည်း လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများကို တားဆီးနိုင်မည်၊ လျော့ကျစေနိုင်မည်ဖြစ်ကြောင်း။

ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ၎င်းအဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးအသိအမြင်များ အမြဲမပြတ်ရှိနေရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများသို့ စိမ့်ဝင်ရောက်မှုမရှိစေရေး၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှုမရှိစေရေးတို့အတွက် သက်ဆိုင်ရာ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် စောင့်ကြည့်နေရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှုသာလျှင် လုံခြုံရေးသည် ခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရစဉ်ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ပြီး အန္တိမရည်မှန်းချက်အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ အနိုင်ရသည့်အစိုးရကို နိုင်ငံတော်၏အာဏာများ ပြန်လည်အပ်နှင်းသွားမည်ဟု အတိအလင်းပြောဆိုခဲ့ပြီးဖြစ်ကြောင်း၊ ယင်းရည်မှန်းချက် အောင်မြင်စေရေး မိမိတို့အနေဖြင့် တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးတွင်ရိုးသားမှုမရှိပါက ရိုးသားမှုမရှိခြင်း၏ အကျိုးဆက်ကို ပြန်လည်ခံစားရမည်ဖြစ်ကြောင်းကို မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်များအပြင် နိုင်ငံတကာဖြစ်စဉ်များတွင်လည်း မြင်တွေ့ရမည်ဖြစ်ကြောင်း။

### ပြည်သူ့လုံခြုံရေးကဏ္ဍတွင် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက အဓိကထိန်းကျောင်းရမည်

ဒီမိုကရေစီနိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဒီမိုကရေစီကို အဓိကထိန်းကျောင်းပေးနိုင်ကြောင်း၊ လုံခြုံရေးကဏ္ဍတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးနှင့်ပတ်သက်၍ အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်ပြီး စွမ်းရည်၊ စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုကြောင်း၊ သင်တန်းကျောင်းများ၌ လေ့ကျင့်ရေးဆိုင်ရာများကို မှန်မှန်ကန်ကန်ဖြင့် လေ့ကျင့်သင်ကြားပေးရန်လိုပြီး လက်တွေ့တာဝန်ထမ်းဆောင်ရာတွင်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*
သင်ကြားထားသည်များကို ပြန်လည်အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံတော်က အားထားရသည့်၊ ပြည်သူကအားကိုးရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ အသိအမှတ်ပြု၍ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများနှင့် သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့သင်ကြားထားသည့် အသိပညာ၊ အတတ်ပညာများကိုအသုံးချ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ကြပ်မတ်ကွပ်ကဲရန် တာဝန်ရှိသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကဲ့သို့သော အခြေခံစည်းမျဉ်းစည်းကမ်းများမှစ၍ အများပြည်သူက လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြေခံစည်းကမ်းများမှအစ လိုက်နာအောင် ထိန်းသိမ်းကြပ်မတ်နိုင်မှသာလျှင် မလိုလားအပ်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်လာမှုကို တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့တော်၏ စည်းကမ်းထိန်းသိမ်းရေးအပိုင်းကိုလည်း အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

**❒ ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းမည်ဆိုပါက ပညာတတ်များ ပေါ်ကြွယ်ဝရေးသည် အဓိကအရေးကြီးသည်ဖြစ်သဖြင့် မိမိတို့တာဝန်ယူထားရသည့် ခရိုင်အတွင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားစေရေး၊ ပညာတတ်များ ပေါ်ကြွယ်ဝရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်၊ ခရိုင်အလိုက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးရန်လို၊ ကုန်ထုတ်လုပ်မှုရှိသည့် စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက်လည်း စနစ်တကျဆောင်ရွက်**

### ခရိုင်အုပ်ချုပ်ရေး

ခရိုင်အုပ်ချုပ်ရေးဆိုင်ရာများနှင့် ပတ်သက်၍ အုပ်ချုပ်မှုကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အား ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ထိရောက်စွာအသုံးချ၍ မိမိတို့တာဝန်ယူထားရသည့် မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်စေရေး၊ တည်ငြိမ်အေးချမ်းမှုရှိစေရေး ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့နယ်နှင့် တိုင်းဒေသကြီးအကြား လိုက်လျောညီထွေဖြစ်စေရေး၊ အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ခရိုင်မှ စီမံအုပ်ချုပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာနှင့်ပတ်သက်၍လည်း ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် တာဝန်ရှိပြီး မိမိတို့တာဝန်ယူရသည့် မြို့နယ်များ၏ အချက်အလက်များ၊ ဖြစ်ပေါ် ပြောင်းလဲနေမှုများကို အမြဲမပြတ် သိရှိနေရမည်ဖြစ်ကာ လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုဖြစ်ပေါ်လာမည့်အခြေအနေများကို သုံးသပ်တွက်ချက်နေရမည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့နယ်များအလိုက် တရားဥပဒေစိုးမိုးရေး၊ နေထိုင်မှုများစည်းကမ်းစနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာလှပရေးတို့အတွက်လည်း ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ရန်ကုန်မြို့သည် အလုပ်အကိုင်များပြားပြီး ဒေသတွင်းနေထိုင်လုပ်ကိုင်သူများ၊ နယ်မြို့များမှ လာရောက်လုပ်ကိုင်သူများ များပြားသည့်အတွက် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ ယာဉ်စီးနင်းမောင်းနှင်မှုများကိုလည်း စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

ထို့ပြင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းမည်ဆိုပါက ပညာတတ်များ ပေါ်ကြွယ်ဝရေးသည် အဓိကအရေးကြီးသည်ဖြစ်သဖြင့် မိမိတို့တာဝန်ယူထားရသည့် ခရိုင်အတွင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားစေရေး၊ ပညာတတ်များ ပေါ်ကြွယ်ဝရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခရိုင်အလိုက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုရှိသည့် စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက်လည်း စနစ်တကျ ဆောင်ရွက်သွားရန် လိုကြောင်း။

မကြာမီပွင့်လင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် တစ်ဦးချင်း ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရေး၊ အဖွဲ့လိုက် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရေးအတွက်လည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ပြည်သူလူထုတို့အနေဖြင့် အန္တရာယ်ကင်းစွာဖြင့် ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ကိုယ်လက်လှုပ်ရှားမှုများမှ ကျန်းမာမည်ဖြစ်ပြီး ကျန်းမာမှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ခရိုင်အလိုက်ရှိ ပြည်သူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ သက်သောင့်သက်သာရှိစေရေး အုပ်ချုပ်ရေးအဖွဲ့အစည်းများက တတ်နိုင်သရွေ့ အကောင်အထည်ဖော်ဖန်တီးပေးနိုင်ရန်လိုကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် နေရာဒေသအလိုက် တာဝန်ထမ်းဆောင်ရာတွင် မှတ်ကျောက်တစ်ခုစိုက်ထူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အများပြည်သူမှ အသိအမှတ်ပြုရလောက်သည့် အုပ်ချုပ်မှုသမိုင်းကြောင်းကို ထားရှိနိုင်ခဲ့ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနည်းနာများကို သိရှိနားလည်နေရမည်ဖြစ်ပြီး မိမိတို့တာဝန်ယူရသည့် နေရာများအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးနည်းစနစ်များကို အမြဲမပြတ်လေ့လာသိရှိနားလည်နေမှသာလျှင် တာဝန်များကို ကျေပွန်ကောင်းမွန်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဗဟုသုတစာပေများကိုလည်း အမြဲလေ့လာနေရန်လိုကြောင်း၊ စာကောင်းပေမွန်များဖတ်ရှုလေ့လာပြီး ၎င်းစာများ၏ အရသာကို သိသွားပါက မည်သို့လုပ်ဆောင်သင့်သည်ဆိုသည့် နည်းလမ်းကိုလည်း ရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် မြို့နယ်အလိုက်၊ ခရိုင်အလိုက် ကျက်သရေမင်္ဂလာရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏တာဝန်များကို ရိုးရိုးသားသား မှန်မှန်ကန်ကန်ဆောင်ရွက်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အနှစ်သာရကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်၍ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု

**သာယာဝတီ အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု၌ တောင်သူ ဦးကျော်စိုး၏ တစ်ကွင်းတစ်ဆက်တည်း ကြိုတင်ပျိုးထောင်စနစ်ဖြင့် တစ်မိုး နှစ်သီး ဗီယက်နမ်မျိုး မိုးစပါး စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုသည်။ ယင်းနောက်ကျွဲသတ်ကျေးရွာအုပ်စု၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် တတိယအကြိမ်မြောက် ရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့် လယ်မြေများတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြန်လည်စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှုပြီး လယ်မြေများ ရေကြီးနစ်မြုပ်မှုသက်သာစေရေး ချောင်းကော/မြောင်းကောများ တူးဖော်၍ လယ်ကန်သင်းပေါင် မြှင့်တင်ပေးရန် တာဝန်သူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ်၊ သဲဖြူကျေးရွာအုပ်စု၌ တောင်သူ ဦးကျော်နီဆန်း၏ YAR-1 မျိုးစေ့ထုတ်စိုက်ခင်း၌ မျိုးကွဲနုတ်ပယ် ပြသနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၇၃) ဦးပိုင်အမှတ်(၁၀/၃)၊ တောင်သူ ဦးသန်းထွန်းနိုင်၏ မိုးစပါးစံပြကွက် ရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးရာ တစ်ဧကမိုးစပါးအစိုတင်း ၁၃၀ ဒသမ ၈ တင်း ထွက်ရှိသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မင်းလှမြို့နယ် သင်အိုင်ကျေးရွာအုပ်စု၌ ရေကြီးနစ်မြုပ်ခဲ့သည့် တောင်သူ ဦးစိုးလှိုင်၏ ဆင်းသုခမျိုးမိုးစပါး ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးရာ မိုးစပါးဧက ၁၀၁ တင်း ထွက်ရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုတ်ဖိုမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လင်းနို့ရိုးချောင်းနှင့် သဖန်းပင်ဆိပ်ချောင်း ရေလျှံခဲ့ပြီး သရက်ပင်ဆိပ်ကျေးရွာအနီး ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် (၁၁၃/၁) မှ (၁၁၃/၂)ကြားကားလမ်းရေကျော်၍ မိုးစပါးစိုက်ဧကများ ရေကြီးနစ်မြုပ်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြို့ပင်ကောက်မြို့နယ် လက်ပံပင်စုအုပ်စု တောင်သူ ဦးအောင်ဝင်း၏ ထိုင်းနံ့ကောက်စပါးမျိုး မိုးစပါး ရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးရာ အစိုတင်း ၁၅၀ ထွက်ရှိပြီး သီးထပ်စွမ်းအားပိုမိုတိုးတက်စေရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝများတိုးတက်ဖွံ့ဖြိုးစေရေး၊ နွေစပါးနှစ်သီးရရှိနိုင်ရေး ကြိုတင်ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးရန်နှင့် ယာမြေများတွင် ကြက်သွန်နီနှင့် အစေ့ထုတ်ပြောင်း တိုးချဲ့စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## အင်းဝခေတ် ရဟန်းစာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ ရုပ်တုတော်ပင့်ဆောင် တင်လှူပူဇော်ပွဲကျင်းပ

**ပြည် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အောင်မင်္ဂလာကျက်သရေကုန်းတောရကျောင်းအနီးရှိ အင်းဝခေတ် ရဟန်းစာဆိုတော် ရှင်မဟာရဋ္ဌသာရ ဂူဗိမာန်တော်သို့ “ရှင်မဟာရဋ္ဌသာရ ရုပ်တုတော်” ပင့်ဆောင်တင်လှူပူဇော်ပွဲနှင့် ဂူဗိမာန်အဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တက်ရောက်လာကြသူများက အဆိုပါအာရုံခံတန်ဆောင်း၌ ခေတ္တအပူဇော်ခံထားရှိသော ရှင်မဟာရဋ္ဌသာရရုပ်တုတော်အား ဂူဗိမာန်တော်သို့ ပင့်ဆောင်ကြပြီး ဒေါက်တာ သန်းမင်းထွဋ် (ပင်းတယ မီးအိမ်ရှင်)နှင့် ဦးထင်ကျော်ဦးတို့က အများစုပေါင်းကောင်းမှုဖြင့် ဆောက်ရွက်သည့် အရှည်ပေ ၆၂၀ ရှိ ဂူဗိမာန်အဝင်လမ်း၊ ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော် ရဟန်းစာဆို ပြည်လေးဘုန်းက ဩဝါဒစကားမြွက်ကြားပြီး ဩဝါဒါစရိယဆရာတော်များက အောင်ဂါထာတော်ရွတ်ဆို၍ ရှင်မဟာရဋ္ဌသာရ၏ရုပ်တုတော်အား ဂူဗိမာန်ကျောက်ကလပ်တိုင်ပေါ်သို့ တင်လှူပူဇော်ခဲ့ကြသည်။ ဆက်လက်ပြီး ရှင်မဟာရဋ္ဌသာရဆရာတော်ကြီးနှင့်ပတ်သက်၍ ဒေါက်တာ သန်းမင်းထွဋ် (ပင်းတယ မီးအိမ်ရှင်) က မုဒိတာစကား ပြောကြားပြီး တေးသီချင်းဂုဏ်ပြုသီဆိုခြင်း၊ အလှူရှင်များက အလှူငွေပေးအပ်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့ရှိ နက္ခတ်တာရာပြခန်းအား အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုနှင့် မြန်မာ - ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ နက္ခတ်တာရာပြခန်းသို့ သွားရောက်၍ နက္ခတ်တာရာပြခန်းအား အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှု အခြေအနေများနှင့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များ လမ်းညွှန်မှာကြား**

ဦးစွာ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးက နက္ခတ်တာရာပြခန်း သမိုင်းကြောင်းနှင့် ပြခန်းဆိုင်ရာ အချက်အလက်များ၊ နက္ခတ်တာရာပြခန်းအား အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နက္ခတ်တာရာပြခန်းအတွင်းရှိ ပြကွက်အလိုက် ပြသထားရှိမှုများကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၅ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နက္ခတ်တာရာပြခန်းအတွင်းရှိ ပြကွက်အလိုက် ပြသထားရှိမှုများနှင့် ကြယ်နက္ခတ်တာရာများကို လေ့လာခြင်းပြကွက်တို့ကို ကြည့်ရှုကြသည်။

**နက္ခတ်တာရာပြခန်းအား အဆင့်မြှင့်တင်**

အဆိုပါ နက္ခတ်တာရာပြခန်းအား ဂျပန်မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ၁၉၈၇ ခုနှစ် တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသားလူငယ် များနှင့် ပြည်သူများ၊ နက္ခတ်တာရာသိပ္ပံဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရေး၊ ပညာပေးရေးနှင့် အပန်းဖြေပျော်ရွှင်စေရေး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခု အခါ နက္ခတ်တာရာပြခန်းအား အဆင့်မြှင့်တင်မှုများ ပြုလုပ်၍ အာကာသပြခန်းအဖြစ် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်သူ့ရင်ပြင် နှင့် ပြည်သူ့ဥယျာဉ်အတွင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ လမ်းညွှန်မှာကြားခဲ့သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ သည် ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ် ဖောက်လုပ်လျက်ရှိသည့် မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းသို့ ရောက်ရှိ ကြရာ အစည်းအဝေးခန်းမတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တံတားတည်ဆောက်ရေးစီမံကိန်း ဖြစ်ပေါ်လာပုံနှင့် တံတားဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း၏ အကျိုးကျေးဇူးများ၊ ၂၀၂၃ ခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြား ချက်များအား အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးမှု၊ ဒလဘက်ကမ်းချဉ်းကပ်တံတားလုပ်ငန်း ပြီးစီးမှု၊ ပင်မတံတားလုပ်ငန်းပြီးစီးမှု၊ တံတား၏အဓိက ကျသည့် ရေလယ်တာဝါတိုင်လုပ်ငန်း ဆောင်ရွက် ပြီးစီးမှု၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားလုပ်ငန်း ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းအပိုင်းအလိုက် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းများ ဆောင် ရွက်ရာ၌ အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရေးစီမံကိန်းသည် ပြည်သူများ အတွက် အကျိုးပြုသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် တံတားတည်ဆောက်မှုလုပ်ငန်းများအား သတ်မှတ် ကာလအတွင်း အပိုင်းအလိုက်ပြီးစီးစေရေးနှင့် တံတားကြံ့ခိုင်မှု ကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေး ဆောင် ရွက်သွားရန်လိုကြောင်း၊ တံတားတွဲဆက်ခြင်း လုပ်ငန်းများ စနစ်တကျဖြစ်ရန်လိုကြောင်း၊ သင်္ဘော များ၏ ရေလမ်းကင်းလွတ်မှုကိုလည်း စနစ်တကျ ဆောင်ရွက်သွားရန်နှင့် ရေလယ်တာဝါတိုင်များ အန္တရာယ်ကင်းရှင်းရေးအတွက်လည်း ကြိုတင်စဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**ဂုဏ်ပြုသစ်သီးခြင်းများကို ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းတွင် လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အင်ဂျင်နီယာများအတွက် ဂုဏ်ပြုသစ်သီးခြင်းများကို ပေးအပ်ချီးမြှင့်ရာ တာဝန် ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများ အပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေး စီမံကိန်းကို ၂၀၁၂ ခုနှစ် တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ–ကိုရီးယား ချစ်ကြည်ရေးတံတားစီမံကိန်း တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် တွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့ကြောင်း၊ တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား (Cable – Stayed Bridge) အမျိုး အစားဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့နယ်များ၊ ဒေးဒရဲတံတားမှတစ်ဆင့် ကမ်းခြေဒေသ များနှင့် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လက်ရှိ ဖြစ်ပေါ်နေသည့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှု များသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါး သက်သာသွားမည်ဖြစ်ကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ရန်ကုန်မြို့၏ အထင်ကရ ပြယုဂ် (Landmark) တစ်ခုလည်း ဖြစ်လာမည်ဖြစ် ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အင်ဂျင်နီယာများအတွက် ဂုဏ်ပြုသစ်သီးခြင်း ပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Daihei Mochizuki ခန့်အပ်လွှာ လာရောက်ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Daihei Mochizuki သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၎င်း၏ခန့်အပ်လွှာကို လာရောက်ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရေဝတီတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများနှင့် ပုသိမ်တက္ကသိုလ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် အိမ်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆိုပါကျောင်း၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများကို စည်းကမ်းရှိပြီး ရိုးသားကြိုးစားသည့် လူတော်လူကောင်းများ၊ ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်မွေးထုတ်ပေးရန်၊ ကျောင်းသား ကျောင်းသူများ ပညာကို စဉ်ဆက်မပြတ် ကြိုးစားသင်ယူကြရန်၊ ပညာသင်ကြားရာတွင် အမှန်တကယ် တတ်မြောက်အောင် စေတနာထား သင်ကြားပေးရန်၊ ကျောင်းနေအရွယ်ကလေးတိုင်း စာသင်ခန်းရောက်အောင် စည်းရုံးကြိုးပမ်းဆောင်ရွက်ရန်၊ ကျောင်းသား ကျောင်းသူတိုင်း အနိမ့်ဆုံး KG+9 အခြေခံပညာ အလယ်တန်းအဆင့် ပြီးမြောက်အောင် သင်ကြားပေးကြရန်၊ ပညာအရည်အသွေး တိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး ဆရာ ဆရာမများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အိမ်မဲမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ ကန်ကြီးဒေါင့်မြို့နယ် ဒါးက အခြေခံပညာအထက်တန်းကျောင်း၊ တကုန်းကြီး အခြေခံပညာ အထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးကာ စာသင်ခန်း၊ စာသင်ဆောင်များ၊ စာကြည့်တိုက်များ၊ ကျောင်းဝင်းအတွင်း ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပုသိမ်တက္ကသိုလ်သို့ ရောက်ရှိပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံတော်အတွက် လိုအပ်သည့် အသိပညာ၊ အတတ်ပညာရှင်များ၊ နိုင်ငံ့သားကောင်းရတနာများ၊ အရည်အသွေးပြည့်ဝသော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးရန်၊ တက္ကသိုလ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အားလုံးလက်တွဲဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

**မကွေး အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်း ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကား ပြောကြားရာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် နည်းပညာ သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် မိသားစုတစ်ပိုင်တစ်နိုင် အသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကမောင်းနှင်အားဖြစ်သော MSME လုပ်ငန်းများလည်း ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံကျပြီး အရေးပါသော လုပ်ငန်းများဖြစ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဒေသတွင်း ပေါများစွာ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် လိုအပ်ပါကြောင်း၊ ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု ပေါ်ထွန်းလာစေပြီး မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများမှတစ်ဆင့် အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ချဲ့ထွင်နိုင်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချလာနိုင်စေရန်၊ သွင်းကုန်အစားထိုးလုပ်ငန်းများ ထုတ်လုပ်လာနိုင်စေရန်နှင့် မိသားစုဝင်ငွေတိုးတက်မှု ရရှိလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်မှစ၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကို မကွေးတိုင်းဒေသကြီးအတွင်းရှိကျေးရွာပေါင်းကိုးရွာတွင် သင်တန်းများ ဖွင့်လှစ်၍ လုပ်ငန်းရှင် ၄၅ ဦးကို လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးအပ်ကာ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်သည်အထိ ဆောင်ရွက်ပေးခဲ့ရာ ယခု ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင်လည်း အဆိုပါဝင်ငွေတိုး စီမံကိန်းကို မကွေးတိုင်းဒေသကြီးတွင် ကျေးရွာ ၁၆ ရွာရွေးချယ်၍ စီမံကိန်း ၁၆ ခု ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။




ထို့နောက် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက လုပ်ငန်းထူထောင်မည့် သင်တန်းသား သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ခင်းကျင်းပြသထားသည့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## နေရာကွက်၍ မိုးကြိုးနိုင်

**နေပြည်တော် အောက်တိုဘာ ၈**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရေဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။

**စီစဉ်ဆောင်ရွက်ပေးလျက်ရှိ**

ရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ဖွံ့ဖြိုးမှုအကူအညီကိစ္စရပ်များအပါအဝင် ပူးပေါင်းဆောင်ရွက်ရာတွင် ကျင့်သုံးနေသည့် မူဝါဒများနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာမှုအကူအညီ အမှန်တကယ်လိုအပ်သူများထံသို့ ခွဲခြားမှုမရှိ ဖြန့်ဝေပေးနိုင်ရေးအတွက် အလေးထားကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာမှုအကူအညီပေးမှုများကို ပိတ်ဆို့တားဆီးမှုမရှိကြောင်း၊ လုံခြုံရေးဆောင်ရွက်ပေးနိုင်သည့် ဒေသအားလုံးကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ခရီးသွားလာခြင်းကို လုံခြုံရေးကိစ္စအလေးထားစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကယ်ဆယ်ရေးလုပ်ငန်းများကို အကူအညီပေးရာတွင် အဓိကသက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ထိရောက်သည့် အကူအညီဖြစ်စေရန်၊ လုပ်ငန်းမထပ်စေရန် အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလှူရှင်ကိုယ်စားလှယ်များအနေဖြင့် ဖြန့်ဝေမှုကို လိုက်ပါလိုပါက အတူလိုက်ပါနိုင်ပါကြောင်း၊ တိုင်ဖွန်းမုန်တိုင်း ရာဂီဒဏ်သင့်ဒေသများ၌ လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်မှုများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံအခြေအနေမှန်များကို သမာသမတ်ကျကျ ဘက်လိုက်မှုမရှိဘဲ နိုင်ငံတကာအသိုက်အဝန်းသို့ အသိပေးစေလိုကြောင်းကိုလည်း ထည့်သွင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့်စပ်လျဉ်း၍ လာမည့် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုရှိစေရန် နိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းဖြင့်သော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆောင်ရွက်နိုင်ပါရန်လည်း ဖိတ်ခေါ်ထားကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအေဂျင်စီများက ၎င်းတို့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအပါအဝင် မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

အဆိုပါ ရှင်းလင်းပြောကြားမှုအစီအစဉ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၄) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ တက်ရောက်




**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ၏အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၇ ရက်က ကျင်းပသည့် (၂၄)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်း အဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၅ မတိုင်မီနှင့် ၂၀၂၅ အလွန် ဒေသတွင်းစီးပွားရေး မျှော်မှန်းချက်များ၊ ၂၀၂၄ ခုနှစ် လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များ၏ အကောင်အထည်ဖော်မှုအခြေအနေ၊ အေအီးစီ လမ်းပြမြေပုံ ၂၀၂၅ ၏ အပြီးသတ်ကာလ ပြန်လည်သုံးသပ်မှုအပါအဝင်လမ်းပြမြေပုံအကောင်အထည်ဖော်မှု၊ ကဏ္ဍများအကြား ပေါင်းစပ် အကောင်အထည်ဖော်ရမည့် စဉ်ဆက်မပြတ် ရေရှည်တည်တံ့မှုလုပ်ငန်းအစီအစဉ်များ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးအစီအစဉ်နှင့် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်အရ အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာစီမံချက်ရေးဆွဲမှုများအပေါ် ဝန်ကြီးများက အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ (၄၄) ကြိမ်နှင့် (၄၅) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးများသို့ တင်ပြမည့်အစီရင်ခံစာကို အတည်ပြုခြင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းအောက်ရှိကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များကို ၂၀၂၄ ခုနှစ်အတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူစာချုပ် ညှိနှိုင်းမှုများကို ၂၀၂၅ ခုနှစ်တွင် အချိန်မီအပြီးသတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် စဉ်ဆက်မပြတ်ရေရှည်တည်တံ့မှု လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်းပြီး ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်တို့ကို ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးတွင် လာအိုနိုင်ငံ စက်မှုနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Malaithong Kommasith က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ ဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်ကို၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့် တို့လည်း တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဗိုလ်တထောင်ခရိုင် မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၇ ရက်က ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ ခရိုင်မီးဘေးလုံခြုံရေး အဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ပြီး ဗိုလ်တထောင်ခရိုင်အတွင်းရှိ မြို့နယ်များမှ သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များမှ သင်တန်းသား ၅၀ အား အောက်တိုဘာ ၂၅ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်လေ့ကျင့် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

ကြီးမြန်သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ
ပြည်လည်းလှ

# အလုပ်သမားဝန်ကြီးဌာန ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၈**
အလုပ်သမားဝန်ကြီးဌာန ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၏ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အားကစားပြိုင်ပွဲများမှတစ်ဆင့် ဝန်ထမ်းများ၏ အရည်အချင်းများကို ဖော်ထုတ်ပြီး ထူးချွန်အောင်မြင်မှုရရှိသူများဖြစ်အောင် ကြိုးစားကြရန်နှင့် အမျိုးသားအဆင့် အားကစားပြိုင်ပွဲများတွင် ဝန်ကြီးဌာနဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အားကစားသမားများအဖြစ်ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုပြီး အားကစားနည်းများအလိုက် ပြိုင်ပွဲများကို စတင်ကျင်းပရာ မီတာ(၁၀၀) အပြေးပြိုင်ပွဲ (ကျား၊မ) တစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမား ၂၀၊ မီတာ (၂၀၀) အပြေးပြိုင်ပွဲ(ကျား၊မ) တစ်ဦးချင်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမား ၂၀၊ မီတာ (၄ x ၁၀၀) လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ (ကျား၊မ) အသင်းလိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမား ၄၀ နှင့် အလျားခုန် ပြိုင်ပွဲ (ကျား၊မ) တစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမား ၁၀ ဦး စုစုပေါင်း ပြိုင်ပွဲဝင်ကစားသမား ၉၀ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဒိုင်များက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး(ဝဲပုံ)နှင့် အမြဲတမ်းအတွင်းဝန်တို့က အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြပြီး အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြေးခုန်ပစ်အားကစားဒိုင်အဖွဲ့များကို အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် နိုင်ငံကိုယ်စားပြုအားကစားသမားများ မွေးထုတ်နိုင်ရေး၊ ဝန်ထမ်းများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ဝန်ထမ်းများစည်းလုံးညီညွတ်မှုရှိစေရေးတို့အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် လအလိုက် အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲနှင့် ဖူဆယ်အားကစားပြိုင်ပွဲများ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို အောက်တိုဘာ ၈ ရက်က တောင်ကြီးမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ကောက်ယူစဉ်။
(တောင်ကြီးမြို့နယ်တွင် ကောက်ကွက် ၈၁၁ ကွက်ရှိကြောင်း သိရသည်။) ခရိုင် (ပြန်/ဆက်)



လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာ ၈ ရက်က ထားဝယ်မြို့နယ်တွင် ဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထက်နောင်နှင့်တာဝန်ရှိသူများက သန်းခေါင်စာရင်း ကောက်ယူမှုကို ကြည့်ရှုအားပေးစဉ်။ ငွေဇင်ယော်

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၈**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂) ခုရှိရာ ယနေ့၌ ပေါင်းလောင်းရေလှောင်တမံတွင် (၃ ဒသမ ၇၇)ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ရေကျော်စီးဆင်းမှုအခြေအနေမှာ ယခင်နေ့အတိုင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့် ရေမှတ်အထက်တွင် HED ရေတံခါး(၄)ချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား (၂၄)နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၈.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၈.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၇၄၄၀ | ၆၂၇.၁၆ | ၅၆၅၅၅၂ | ၁၃၁၉၉ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၇၇ | ၁၄၁၉၄ | ၀.၅၀ | ၆၂၇.၁၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၅.၆၅ | ၂၆၉၄၁ | ၁၀၇ | ၉.၃၅ | ၉၅၅၉ | - | - | - | ၆၂၆.၀၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၁၂ | ၅၁၉.၁၅ | ၈၉၄၅၀ | ၂၇၂ | ၀.၈၅ | ၂၃၂၀ | - | - | - | ၅၁၉.၁၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၇၅ | ၁၀၅၈၂ | ၇ | ၂.၂၅ | ၁၆၇၅ | - | - | - | ၅၀၉.၈၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၂၆၃ | ၄၃၈.၅၀ | ၇၁၅၀၀ | ၁၁၅ | ၀.၅၀ | ၁၅၀၀ | - | - | ၂.၆၅ | ၄၃၈.၂၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၃၈ | ၇၈၀၃ | ၈ | ၁.၆၂ | ၉၁၅ | - | - | - | ၄၁၆.၄၁ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၁၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၁၁၈ | ၇၀၃.၃၀ | ၁၀၆၃၂၇ | - | ၆.၇၀ | ၃၆၇၆၃ | - | - | ၀.၆၁ | ၇၀၃.၁၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၁.၇၀ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | ၀.၁၀ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂၄၅ | ၈၆၄.၃၀ | ၁၀၅၈၉ | ၇၁ | ၅.၇၀ | ၄၀၁၁ | - | - | ၂.၂၀ | ၈၆၄.၀၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၄) ချပ်ထောင်ထားပါသည်။

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀(ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသောချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန် အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၅) ဘဏ်တွင်လည်း ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ပါသည်-

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊
(ခ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
(ဂ) ရွှေ (ကျေးလက်နှင့် မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
(င) ကမ္ဘောဇဘဏ်လီမိတက်၊
(စ) အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
(ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
(ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
(ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
(ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
(ဍ) ဧရာဝတီဘဏ်လီမိတက်၊
(ဎ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊
(တ) ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC) ၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ ၁၂ ခုမှ အတွင်းရေးမှူးများ၊ ရေဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများပြားခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC)အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများကတင်ပြသည့် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ ဆောင်ရွက်ပြီးစီးမှုများ၊ လိုအပ်မှု အခြေအနေများကို အထက်အဆင့်ဆင့်သို့ တင်ပြနိုင်ရေးနှင့်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးတို့ကို အလေးထား ဆောင်ရွက်လျက် ရှိကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စီမံဆောင်ရွက်ရာတွင် ပျက်စီးဆုံးရှုံးမှုဆိုင်ရာ အချက်အလက်များတိကျမှန်ကန်ရေးအတွက် တာဝန်ရှိသူအားလုံးက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာသင်ကြားမှု အဆက်မပြတ်စေရေးအတွက် ရာနှုန်းပြည့်နီးပါးဆောင်ရွက်ပြီးဖြစ်သော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကဲ့သို့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီရန်လိုအပ်နေမှုများကို ဆောလျင်စွာတင်ပြကြရန်၊ ပြည်တွင်း၊ ပြည်ပစေတနာရှင်များ၏ လှူဒါန်းမှုများကို ရေဘေးသင့်ပြည်သူများသို့ တိုက်ရိုက်အကျိုးရှိရှိ ခံစားခွင့်ရောက်ရှိစေရေး အဆင့်ဆင့်သော သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနများက ကြီးကြပ်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များမှ တာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီ (၁၂) ရပ်မှ အတွင်းရေးမှူးများဖြစ်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုကျင်းပမည့် Engineering Technology and Education Forum ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပ





**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုကျင်းပမည့် Engineering Technology and Education Forum ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကို ယနေ့ နံနက်ပိုင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံးအမှတ်(၂၁)၌ Hybrid စနစ်ဖြင့်ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ဖိုရမ်၏ Parallel Sessions များအတွက် အနာဂတ် အင်ဂျင်နီယာပညာရေး၊ နိုင်ငံတော်ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍ၊ စွမ်းအင်လုံခြုံမှုအတွက် အစိမ်းရောင်စွမ်းအင်မှ ပံ့ပိုးပေးနိုင်မှု၊ နောက်ဆုံးပေါ်နည်းပညာဖွံ့ဖြိုးတိုးတက်မှုအရွေ့များ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ဟူသော ခေါင်းစဉ်များကို သတ်မှတ်ထားပါကြောင်း၊ ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အင်ဂျင်နီယာလောက၏ Stakeholders အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။**(အပေါ်ယာပုံ)**

ယင်းနောက် တက်ရောက်လာကြသူများက ဖိုရမ်ခေါင်းစဉ်များ၊ စာတမ်းများနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ပြောကြားသည်။

အစည်းအဝေးသို့ ဆက်စပ်ဌာနများဖြစ်ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်နည်းပညာတက္ကသိုလ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ၊ EEAC ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူးအပါအဝင် ပြင်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် အောက်တိုဘာ ၈** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့နယ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး



လွိုင်ကော် အောက်တိုဘာ ၈

**ကယားပြည်နယ်အတွင်း လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ဘော်လခဲနှင့် ဖားဆောင်းမြို့နယ် ငါးမြို့နယ်တွင် ရပ်ကွက် ၃၆ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုတွင် အောက်တိုဘာ ၁ ရက်မှစ၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး လွိုင်ကော်မြို့နယ်တွင် ရပ်ကွက် ၃၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ငါးအုပ်စု၌ ကောက်ကွက်ပေါင်း ၂၉၉ ကွက်အား စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက နေ့စဉ်ကောက်ယူလျက်ရှိသည်။**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်က လွိုင်ကော် မြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှု အင်္ဂမနေ့အဖြစ် ပဒါးညေးကျေးရွာရှိ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုရုံး၌ ကျေးရွာပြည်သူများစုစည်း၍ စာရင်း ကောက်ယူနေမှုများ၊ ကျေးရွာအတွင်း စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက တစ်အိမ်တက်ဆင်း Mobile Tablet များဖြင့် စာရင်းကောက်ယူနေမှု များကို လှည့်လည်ကြည့်ရှုအားပေးကာ ပြည်သူများ အား သန်းခေါင်စာရင်းအကျိုးများကို အမှတ်တရ ပေးအပ်ခဲ့သည်။

## လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် နွားလပိုးကျေးရွာနှင့် လယ်ထွဲကျေးရွာ များတွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက တစ်အိမ်တက်ဆင်း Mobile Tablet များဖြင့် သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်းများ မေးမြန်း ကောက်ယူနေမှုနှင့် ဒေသခံပြည်သူများက စိတ်ဝင် တစား ပြန်လည်ဖြေကြားနေမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။ လွိုင်ကော်မြို့နယ်အတွင်း အောက်တိုဘာ ၁ ရက်မှ ၇ ရက်အထိ ရပ်ကွက် ၂၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စုနှစ်အုပ်စုတို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း များ ကောက်ယူပြီးစီးကြောင်း လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံးမှ သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



**နေပြည်တော် အောက်တိုဘာ ၈**

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများ အလိုက် သတ်မှတ်ထားသော အားကစား ကွင်း/ရုံများတွင် ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများဖြစ်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲများကို ဇေယျာ သီရိအားကစားရုံ(B)တွင် အမျိုး သားပွဲစဉ်အဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ကာကွယ်ရေးဦးစီး ချုပ်ရုံး(ရေ)အသင်းက ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူး ရုံးအသင်းအား သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးပွဲစဉ် အဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ်အသင်းနှင့် ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း)စခန်းမှူးရုံးအသင်း တို့ ယှဉ်ပြိုင်ကစားကြရာ အလယ် ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းအား သုံးပွဲ ပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိပြီး အောက်တိုဘာ ၉ ရက်တွင် ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာ သီရိအားကစားရုံ (C)၌ အားကစား အမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြော ရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားရုံတို့၌ လည်း ကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစား ကွင်း၌ တတိယနေရာလုပွဲစဉ် အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြု အသင်းနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်း တို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲ များသို့ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစား သမားများနှင့် အားကစားဝါသနာ ရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေး

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် လူမှုဖူလုံ ရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော ရွှေလင်ပန်းစက်မှုဇုန်ရှိ Da Hua Trade Co.,Ltd စက်ရုံမှ အာမခံအလုပ်သမား ဦးမိုးကျော်သည် လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုး ခံစားခွင့်ငွေ ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီ တွင် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ ရန်ကုန်တိုင်း ဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး တာဝန်ခံအရာရှိက အလုပ်ရှင်၊ အလုပ်သမား များအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံစားခွင့်များ အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် လုပ်ငန်းခွင်ထိခိုက်မှု ကြောင့် သေဆုံးခြင်းအတွက် နာရေးစရိတ်ငွေကျပ် ၂၀၀၁၆၀ နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေလုံးငွေရင်း ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ စုစုပေါင်းငွေကျပ် ၄၅၂၀၁၆၀ အား ဇနီးဖြစ်သူထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**




# စဉ့်ကိုင်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**စဉ့်ကိုင် အောက်တိုဘာ ၈**



စဉ့်ကိုင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင် စာရင်းကို မြို့နယ်စာရင်းစစ်၊ စာရင်းကောက်များက ယနေ့ နံနက် ၇ နာရီမှစတင်၍ ဆက်လက်ကောက်ယူလျက်ရှိသည်။ အဆိုပါလူဦးရေ နှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်အောင် ဆောင်ရွက် ရေးအတွက် မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်နှင့် အဖွဲ့ဝင်များက မြို့သစ် ရပ်ကွက်၊ တောမကျေးရွာအုပ်စု၊ ဘယ်လင်းကျေးရွာအုပ်စုနှင့် တောင်ရင်း ကျေးရွာအုပ်စုများသို့ ကွင်းဆင်းကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **ဝင်းဝင်းသန်း(စဉ့်ကိုင်)**

◆ ***ကျောဖုံးမှ***

အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း/တီမော (ခြေစစ်ပွဲအောင်အသင်း)၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာနှင့် လာအိုအသင်းတို့ ကျရောက်နေသည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုလေးပွဲကို အိမ်ကွင်း နှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲ ကစားရမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ကွင်း ကစားရမည့် အင်ဒိုနီးရှား၊ လာအိုအသင်းတို့နှင့် ပွဲများကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ လက်ခံ ကစားမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် ဖိလစ်ပိုင် အသင်းနှင့် အဝေးကွင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၂၁ ရက် တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်း ကစား ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်း ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အောက်တိုဘာတွင် သီရိလင်္ကာလက်ရွေးစင် အသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲ၊ နိုဝင်ဘာတွင် စင်ကာပူလက်ရွေးစင်အသင်း၊ လက်ဘနွန် လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**

❊ ***ကျောဖုံးမှ***

ယခုနှစ်အတွင်းနောက်ဆုံးထိုးသတ် ရမည့်ပွဲလည်းဖြစ်သည်။ ဂျိုရှု အာဗန်သည် ယခုနှစ်အတွင်း လေးပွဲမြောက်ပွဲစဉ်အဖြစ် ကိုဒီ ဒါဒန်နှင့် ထိုးသတ်ရမည်ဖြစ်ပြီး UFC နှင့် လက်တွဲပြီးနောက် ခြောက်ပွဲမြောက် ထိုးသတ်ရမည့် ပွဲလည်းဖြစ်သည်။ ဂျိုရှုအာဗန် သည် UFC နှင့် လက်တွဲအပြီး ငါးပွဲထိုးသတ်ရာတွင် လေးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး ယခုနှစ် အတွင်း ထိုးသတ်ထားသည့် သုံးပွဲ တွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထား သည်။ ဂျိုရှုအာဗန်သည် နောက်ဆုံး ပွဲအဖြစ် စက်တင်ဘာ ၁၄ ရက်က မက္ကဆီကိုနိုင်ငံသား အက်ဂါနှင့် ထိုးသတ်ရာ အမှတ်ဖြင့် အနိုင်ရ ထားသည်။

ဂျိုရှုအာဗန်သည် ပရော် ဖက်ရှင်နယ် ကစားသမားဘဝ စုစုပေါင်း ၁၃ ပွဲ ထိုးသတ်ထားရာ ၁၁ ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-UFC**



## ရေဘေးသင့်ဒေသများသို့ ဗီယက်နမ်ဆရာတော် ဦးဉာဏိဿရက ငွေနှင့်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ရမည်းသင်း အောက်တိုဘာ ၈**

ရာဂီမုန်တိုင်းအရှိန်ဖြင့် ရေဘေးသင့်ခဲ့သည့်ဒေသများသို့ ရန်ကုန်မြို့ ရွှေတောင်ကုန်းသာသနာရိပ်သာကျောင်းဆရာတော်အား အမှူးထား၍ ဗီယက်နမ်ဆရာတော် ဦးဉာဏိဿရက ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများ၌ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

နေပြည်တော်တပ်ကုန်းမြို့နယ် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ဆရာလေးကျောင်း ၇၉ ကျောင်းတို့အတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ရေသန့်၊ ခြင်ထောင်၊ စောင်နှင့် ဝတ္ထုငွေ စုစုပေါင်းငွေကျပ်သိန်း ၁၄၀၀ ကိုလည်းကောင်း၊ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းကိုးဌာနတွင် ဆန်အိတ် ၁၀၀ ကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ဆရာလေးကျောင်း ၈၁ ကျောင်းတို့အတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့်နဝကမ္မအလှူငွေ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၅၀၀ ကျပ်ကိုလည်းကောင်း လှူဒါန်းခဲ့သည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ဆရာလေးကျောင်း ၆၂ ကျောင်းတို့အတွက် ရေဘေးသင့်ကျေးရွာများရှိ ပြည်သူ ၅၇၀ တို့ကို ဆန်၊ ဆီ၊ ငါးခြောက်နှင့် ရေသန့်စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၀၀၀ တို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့ပြီး စုစုပေါင်းလှူဒါန်းခဲ့သည့် ငွေနှင့်ပစ္စည်းတန်ဖိုးမှာ ငွေကျပ်သိန်း ၃၀၀၀ ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## တောင်ငူ၌ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၆၃) ကြိမ်မြောက် သံဃာ့မဟာပဝါရဏာပွဲတော် ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ငူ အောက်တိုဘာ ၈**

တောင်ငူမြို့ ကျက်သရေဆောင် သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၆၃) ကြိမ်မြောက် သံဃာ့မဟာပဝါရဏာပွဲတော်ကျင်းပရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စေတီတော်မြတ်ကြီးဂေါပကရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဝါရဏာကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ (ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ) ဦးညီညီလွင်စိုးက လုပ်ငန်းဆိုင်ရာများ မှာကြားပြီး ပွဲတော်ကျင်းပရေးတာဝန်ရှိသူများက ဆောင်ရွက်မည့် လုပ်ငန်းများ တင်ပြဆွေးနွေးကြသည်။

ထို့နောက် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက ဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များကို အတည်ပြုသည်။ သံဃာ့မဟာပဝါရဏာပွဲတော်ကြီးကို အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး သံဃာတော်အပါး ၅၀၀ ခန့်နှင့် သာသနာ့နွယ်ဝင်သီလရှင်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



> အိမ်ပြင်ပ၌ထွန်းသော မီးများကို
> နေ့အလင်းရောင်ရှိချိန်တွင်
> ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များက အစားအစာ၊ အဝတ်အထည်နှင့် စာရေးကိရိယာများ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၈**

ရေဘေးဒဏ် ခံစားရသောဒေသများအတွက် စင်ကာပူနိုင်ငံ Mahakaruna Buddhist Society ၊ Singapore Sinhala Buddhist Association နှင့် Willing Hearts Foundation တို့က အစားအစာ၊ အဝတ်အထည်နှင့် စာရေးကိရိယာများ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC)၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးစိုးကြည်က လက်ခံရယူပြီး(ယာပုံ) ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။




အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ (နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ညှိနှိုင်းဆက်သွယ်ပေးမှုအရ ဆရာတော် Dr. K. Gunaratana ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ အောက်တိုဘာ ၈ ရက်က ရောက်ရှိပြီး အလှူပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ နေပြည်တော်အတွင်း ရေဘေးသင့်ဒေသများသို့ အလှူရှင်များ ကိုယ်တိုင်သွားရောက်ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဝင်းရှိန် ရွှေပြည်သာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၈**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် သည် ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးရုံးသို့ ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် တွေ့ဆုံကာ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။



### အမြဲလေ့လာသင်ယူ

ထို့ပြင် ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာန အနေဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လုပ်သားများ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေးဆိုင်ရာ အကျိုးခံစားခွင့်များရရှိစေရေး သက်ဆိုင်ရာ အလုပ်သမားရေးရာဥပဒေ၊ နည်းဥပဒေများနှင့် စည်းကြပ်ဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏အဆင့်နှင့် လျော်ညီသည့် လုပ်ငန်းတာဝန်များကို အမြဲလေ့လာသင်ယူပြီး လုပ်ငန်းတာဝန်အလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများဖြစ်သော Wei Hua၊ Shinning Access၊ Startex နှင့် Tough Way စက်ရုံတို့သို့ရောက်ရှိပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

### အငြင်းပွားမှုပပျောက်ရေး

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ အလုပ်သမားရေးရာ အငြင်းပွားမှု လျော့နည်းပပျောက်စေရေး တည်ဆဲအလုပ်သမားရေးရာဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေးခရီးစဉ် ပျံသန်းပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၁၄ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ပြည်တွင်းခရီးစဉ်သစ်ဖြစ်သောရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေးခရီးစဉ်များကို ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေးခရီးစဉ်ကို အောက်တိုဘာ ၁၃ ရက်တွင် ရန်ကုန်မှ နံနက် ၆ နာရီခွဲတွင် ထွက်ခွာပြီး ပုသိမ်သို့ နံနက် ၇ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ပုသိမ်မှ နံနက် ၇ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး ညောင်ဦးသို့ ၉ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ညောင်ဦးမှ နံနက် ၉ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး မန္တလေးသို့ ၁၀ နာရီတွင် လည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်တွင် မန္တလေး-ညောင်ဦး-ပုသိမ်-ရန်ကုန်ခရီးစဉ်များကို မန္တလေးမှ မွန်းလွဲ ၃ နာရီတွင် ထွက်ခွာပြီး ညောင်ဦးသို့ ညနေ ၃ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ညောင်ဦးမှ ညနေ ၃ နာရီ မိနစ် ၅၀ တွင်ထွက်ခွာပြီး ပုသိမ်သို့ ညနေ ၅ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ပုသိမ်မှ ၅ နာရီ မိနစ် ၅၀ တွင်ထွက်ခွာပြီး ရန်ကုန်သို့ ည ၆ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းခရီးစဉ်သတ်မှတ်ထားသောဈေးနှုန်းမှာ ရန်ကုန်မှ ပုသိမ်သို့ ငွေကျပ် ၂၅၀၀၀၀၊ ပုသိမ်မှ ညောင်ဦးသို့ ငွေကျပ် ၂၈၀၀၀၀၊ မန္တလေးမှ ညောင်ဦးသို့ ငွေကျပ် ၂၀၀၀၀၀၊ ရန်ကုန်မှ ညောင်ဦးသို့ ငွေကျပ် ၂၉၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။ **အာကာလင်း**



# ကင်ညာနိုင်ငံ၌ လူပေါင်း တစ်သန်းထက်မနည်း စားနပ်ရိက္ခာ မလုံလောက်မှု ရင်ဆိုင်ကြုံတွေ့နေရ

**နိုင်ရိုဘီ အောက်တိုဘာ ၈**

ကင်ညာနိုင်ငံ၌ လူပေါင်း တစ်သန်းထက်မနည်းမှာ စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ကြုံတွေ့နေရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိကြောင်း အမျိုးသားမိုးခေါင်ရေရှားမှု စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က တနင်္လာနေ့တွင် ပြောသည်။

ထိုကဲ့သို့ ကြုံတွေ့နေရသူများမှာ ကင်ညာနိုင်ငံ၏ ခရိုင် ၄၇ ခုအနက် ၂၃ ခုမှ ဖြစ်ကြောင်း သိရသည်။ ပြင်းထန်သော အာဟာရချို့တဲ့မှုကို ကုသရန်လိုအပ်သော အသက်ခြောက်လမှ ၅၉ လအထိ ကလေးအရေအတွက်မှာ ဖေဖော်ဝါရီလတွင် ၈၄၇၉၃၂ ဦးရှိရာမှ ဩဂုတ် ၇၆၀၄၈၈ ဦးအထိ ကျဆင်းသွားကြောင်း တွေ့ရှိသည်ဟု အာဏာပိုင်များက ပြောသည်။

ပြင်းထန်သော အာဟာရချို့တဲ့မှုအတွက် ကုသမှုခံယူရန် လိုအပ်သော ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင် စုစုပေါင်းမှာ ၁၁၂၄၀၁ ဦးအထိရှိကြောင်း သိရသည်။ အာဖရိကဦးချိုဒေသတွင် စားနပ်ရိက္ခာ မလုံလောက်သူ အရေအတွက်မှာ ၆၆ ဒသမ ၇ သန်းရှိကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အာဏာပိုင်အဖွဲ့တို့က ဇူလိုင်လတွင် အစီရင်ခံဖော်ပြထားသည်။

၎င်းတို့အနက် ၃၉ ဒသမ ၁ သန်းမှာ ဂျီဘူတီ၊ ကင်ညာ၊ ဆိုမာလီယာ၊ တောင်ဆူဒန်၊ ဆူဒန်နှင့် ယူဂန္ဒာနိုင်ငံတို့မှဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ





# ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း၌ ရေကြီးရေလျှံမှုကြောင့် ခြောက်ဦး သေဆုံး

**ဒါကာ အောက်တိုဘာ ၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်း မေမန်ဆင်းဒ်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီး ရေလျှံမှုများကြောင့် နေအိမ် ထောင်ပေါင်းများစွာ ရေနစ်မြုပ်မှု ဖြစ်ပွားဆဲဖြစ်ပြီး လူပေါင်းရာချီ ရေဘေးသင့်မှု ဖြစ်ပွားကြောင်း သိရသည်။

အမျိုးသား စီမံခန့်ခွဲရေးနှင့် ကယ်ဆယ်ရေး ဝန်ကြီးဌာန အောက်ရှိ အမျိုးသားဘေး အန္တရာယ်တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းရေးစင်တာ၏ ထုတ်ပြန်ချက်အရ မေမန်ဆင်းဒ်ဒေသ ခရိုင်သုံးခုရှိ မြေနိမ့်ဒေသများတွင် ပြင်းထန်သော ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ပြီး ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် ယင်းစင်တာက တနင်္လာနေ့အထိ ရေကြီးရေလျှံဖြစ်ပွားမှုအတွင်း သေဆုံးသူ ခြောက်ဦးအနက် လေးဦးမှာ အမျိုးသားများဖြစ်ပြီး ကျန်နှစ်ဦးမှာ အမျိုးသမီးများဖြစ်ကြောင်း ပြောသည်။ ရေကြီးရေလျှံမှုကို မေမန်ဆင်းဒ်ဒေသ ရှာပါးခရိုင်က အပြင်းထန်ဆုံး ခံစားခဲ့ရပြီး အသက် အိုးအိမ်စည်းစိမ်ဥစ္စာများနှင့် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။

ရေကြီး ရေလျှံမှုဆိုင်ရာ ကြိုတင်ခန့်မှန်းရေးနှင့် သတိပေးရေးစင်တာက ၎င်း၏ နေ့စဉ်ရေလွှမ်းမိုးမှု သတင်းထုတ်ပြန်ချက်တွင် ဒေသတွင်း Jinjiram မြစ်မှာ စိုးရိမ်ရေအမှတ်ထက် ၉၂ စင်တီမီတာ ကျော်လွန်နေပြီး Someswari မြစ်မှာလည်း စိုးရိမ်ရေအမှတ်ထက် ၁၀ စင်တီမီတာ ကျော်လွန်နေကြောင်း ဖော်ပြထားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေရန်နှင့် ရေဘေးသင့်သူများ ခိုလှုံသည့်စင်တာများတွင် ကြီးကြပ်နိုင်ရန် အာဏာပိုင်များက ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး အသင်းအဖွဲ့များကို စေလွှတ်ထားသည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၄၀၀၀၀ ကျော်နှင့် သေဆုံးသူ ၁၉ ဦးရှိ

**ကိုလံဘို အောက်တိုဘာ ၈**

သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်အတွင်း လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူပေါင်း ၄၀၀၀၀ ကျော်ရှိကြောင်း အမျိုးသားသွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဌာန၏ အင်္ဂါနေ့ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

အဆိုပါ ဌာနက သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၄၀၁၀၉ ဦးရှိကြောင်းနှင့် သေဆုံးသူ ၁၉ ဦးရှိကြောင်း ပြောသည်။ သွေးလွန်တုပ်ကွေးရောဂါအဖြစ် အများဆုံးပြည်နယ်မှာ အနောက်ပိုင်း ပြည်နယ်ဖြစ်ပြီး ရောဂါကူးစက်ဖြစ်ပွားမှုပေါင်း၏ ၄၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထို့အပြင် မြောက်ပိုင်းပြည်နယ်မှာ ဒုတိယမြောက် သွေးလွန်တုပ်ကွေးရောဂါအဖြစ်အများဆုံး ဖြစ်ပြီး ၁၂ ရာခိုင်နှုန်းရှိကြောင်းနှင့် အလယ်ပိုင်းပြည်နယ်မှာ တတိယမြောက် သွေးလွန်တုပ်ကွေးရောဂါအဖြစ် အများဆုံးဖြစ်ပြီး ၁၀ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အနောက်ပိုင်းပြည်နယ်တွင် ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးမှာ ကိုလံဘိုခရိုင်မှဖြစ်ပြီး ၁၀၀၂၇ ဦးရှိသည်ဟု ဆိုသည်။

ဆင်ဟွာ



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စက်တင်ဘာလအတွင်း မတော်တဆမှုများကြောင့် လူပေါင်း ၄၀၀ ကျော် သေဆုံး

**ဒါကာ အောက်တိုဘာ ၈**

ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် စက်တင်ဘာလအတွင်း လမ်းမတော်တဆမှု၊ ရထားမတော်တဆမှုနှင့်ရေကြောင်း မတော်တဆမှုပေါင်း ၃၉၂ ကြိမ်ဖြစ်ပွား



ရာ လူပေါင်း ၄၂၆ ဦး သေဆုံးပြီး အခြား ၈၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တနင်္လာနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

အစိုးရအဖွဲ့အစည်း မဟုတ်သော လမ်းအန္တရာယ်ဘေးကင်းရေး ဖောင်ဒေးရှင်းအဖွဲ့၏ ထုတ်ပြန်ချက်အရ သေဆုံးသူများတွင် အမျိုးသမီး ၆၁ ဦးနှင့် ကလေးငယ် ၅၃ ဦး ပါဝင်ကြောင်း သိရသည်။ မော်တော်ဆိုင်ကယ် မတော်တဆမှု ၁၆၄ ကြိမ်ဖြစ်ပွားမှုတွင် လူပေါင်း ၁၇၉ ဦးသေဆုံးပြီး ယင်းမှာ စုစုပေါင်း သေဆုံးမှု၏ ၄၂ ရာခိုင်နှုန်းခန့်ရှိသည်ဟု ဆိုသည်။

ထို့အပြင် ရေကြောင်းမတော်တဆမှု ရှစ်ကြိမ်တွင် ၁၁ ဦးသေဆုံးပြီး အခြား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း၊ နှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်းနှင့် ရထားမတော်တဆမှု ၁၇ ကြိမ်တွင် ၁၃ ဦးသေဆုံးပြီး ကိုးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

ဆင်ဟွာ

# ဟစ်ဇ်ဘိုလာက အစ္စရေးအလယ်ပိုင်းသို့ ဒုံးကျည်ပစ်လွှတ်တိုက်ခိုက်

**ဂျေရုဆလင် အောက်တိုဘာ ၈**

လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများသည် တနင်္လာနေ့ညပိုင်းတွင် အစ္စရေးနိုင်ငံ အလယ်ပိုင်းသို့ ဒုံးကျည်ငါးစင်းခန့် ပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်း၊ တဲလ်အဗစ်မြို့ဝန်းကျင်တွင် ဥဩသံများကြားရသော်လည်း ထိခိုက်သေဆုံးသူမရှိကြောင်း အစ္စရေးအာဏာပိုင်များက ပြောသည်။

နယ်စပ်မှ ကီလိုမီတာ ၁၀၀ ခန့်အကွာ လက်ဘနွန်မှ ဟစ်ဇ်ဘိုလာတို့က ဒုံးကျည်ငါးစင်းခန့် ပစ်လွှတ်တိုက်ခိုက်ကြောင်း၊ ဒုံးကျည်အများအပြားကို ကြားဖြတ်ပစ်ချ ဟန့်တားနိုင်ခဲ့ကြောင်းနှင့် အခြားသော ဒုံးကျည်အချို့မှာ လဟာပြင်တွင် ကျရောက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောသည်။ တနင်္လာနေ့အစောပိုင်းတွင် အစ္စရေးစစ်ဘက်သုံး လေယာဉ်များက လက်ဘနွန်နိုင်ငံ တောင်ပိုင်းသို့ ပြင်းထန်သော လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ အစ္စရေးတပ်မတော်၏ ပြောကြားချက်အရ အခြေခံအဆောက်အအုံများ၊ ကွပ်ကဲထိန်းချုပ်ရေးစင်များ၊ လက်နက်သိုလှောင်ရုံများ အပါအဝင် ဟစ်ဇ်ဘိုလာပစ်မှတ် ၁၂၀ ကျော် ထိမှန်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အစဉ်အလာကြီးမားသည့် ဂုဏ်ဒြပ်ကို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှတစ်ဆင့် ထုတ်ဖော်ပြသကြပါစို့

**လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို ထင်ဟပ်ပြသနိုင်သည်မှာ အနုသုခုမပညာဖြစ်သည်။ လူမျိုးတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်အနုသုခုမ ပညာရပ်တစ်မျိုးစီ ရှိကြသည်။ အနုသုခုမပညာသည် ကာလ၊ ဒေသနှင့် လူမျိုးတို့၏ ဓလေ့စရိုက်ပေါ်တွင် တည်မီသည်။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုသည် ယင်းအနုသုခုမပညာပေါ်တွင် တည်မီသဖြင့် အနုပညာသည် ယဉ်ကျေးမှု၏ ကြေးမုံပြင်ဟု ဆိုလေသည်။ မည်သည့်တိုင်းပြည်နှင့် လူမျိုးမဆို မိမိတို့၏ ယဉ်ကျေးမှုနိုင်မြဲစွာရှိမှသာလျှင် အမျိုးသားရေးဇာတိမာန်များ အစဉ်ထိန်လင်း ထွန်းတောက်နေမည် ဖြစ်သည်။**

မောင်ငြိမ်းအေး

မြန်မာနိုင်ငံသည် အနုသုခုမပညာရပ်များ အစုံအလင်ဖြစ်ထွန်းနေသည့် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသော နိုင်ငံဖြစ်သည်။ မိမိတို့၏ ယဉ်ကျေးမှု အစဉ်အလာ တည်တံ့အောင် ကြိုးပမ်းဆောင်ရွက်ခြင်းသည် မြန်မာတို့၏ ယဉ်ကျေးမှုဂုဏ်ရောင် ထွန်းပြောင်ခြင်းပင်ဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။ မြန်မာတို့၏ ယဉ်ကျေးမှုသည် မြန်မာတို့၏ အသက်ဝိညာဉ်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု ဆိတ်သုဉ်းပျောက်ကွယ်လျှင် မြန်မာလူမျိုးဟူသည် ဤကမ္ဘာတွင်ပျောက်ကွယ်နေမည်ဟု ဆိုချင်သည်။ ထို့ကြောင့် ယဉ်ကျေးမှုသည် မြန်မာတို့၏ အသက်ဝိညာဉ်ဟု ဆိုခြင်းဖြစ်သည်။ ကမ္ဘာပေါ်ရှိ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသော လူမျိုးတိုင်းသည် မိမိတို့၏ ဂန္ထဝင်မြောက်သည့် ယဉ်ကျေးမှုများကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်နေကြသည်။

### ခံစားမှုရသများ ပေးစွမ်း

ယဉ်ကျေးမှုအနုသုခုမပညာရပ်များတွင် လူတို့အား စိတ်ခံစားချက်တစ်မျိုးမျိုး ပေးစွမ်းနိုင်သော သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များ ပါဝင်နေသည်။ အခြေခံသဘောအရ အဆို၊ အက၊ အရေး၊ အတီး တို့သည် ပညာရပ်သီးခြားစီဖြစ်သော်လည်း အနုပညာသဘောအရ တစ်ခုနှင့်တစ်ခု တွဲဆက်လျက်ရှိခြင်း၊ တစ်ခုနှင့်တစ်ခု ကျေးဇူးပြုလျက်ရှိခြင်း၊ နီးစပ်ခြင်း၊ ပေါင်းစပ်ခြင်း၊ တုံ့ပြန်ခြင်းသဘောရှိသည်။ ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ နှစ်သက်ခြင်း၊ စက်ဆုပ်ခြင်း၊ ထိတ်လန့်ခြင်း၊ တည်ငြိမ်ခြင်း၊ အားတက်ခြင်း၊ အံ့သြခြင်း၊ ကရုဏာဖြစ်ခြင်းတည်းဟူသည့် စိတ်အရသာကိုးပါးအနက် တစ်ပါးပါး၏ ခံစားမှုရသများကို ဖြစ်စေသည်။ အဆိုပါ စိတ်အရသာ ခံစားချက်များကို ပေးစွမ်းနိုင်သည့် အနုသုခုမ ပညာရပ်များအနက် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များမှ တစ်မျိုးစီဖြစ်စေ၊ ပေါင်းစပ်၍ဖြစ်စေ ပေးစွမ်းနိုင်သည်။

ထိုပညာရပ်များအား တွဲဖက်ပါဝင်သော အစုအဖွဲ့ကို သဘင်ဟုခေါ်သည်။ သဘင်ပညာဖြင့် လူ့သဘာဝ၊ လောကသဘာဝတို့ကို အနုပညာရှင်တို့က ထိရောက်စွာ သရုပ်ဖော်နိုင်သည်။ အလွမ်း၊ အဆွေး၊ အသောတည်းဟူသော စိတ်အရသာကိုးပါးကို ထိထိမိမိ ဖော်ကျူးနိုင်သည်။ သဘင်တွင် အဆို၊ အက၊ အရေး၊ အတီး ကဏ္ဍလေးရပ်ကို




ပေါင်းစုထုတ်ဖော်ထားသည်။ ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီး၏ အနှစ်သည် သဘင်ဟု ဆိုနိုင်သည်။ လူမျိုးတစ်မျိုး၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများထက် ထိုလူမျိုး၏ အနုပညာက ထိုလူမျိုး၏ ဓလေ့စရိုက်၊ လူနေမှုအဆင့်အတန်းတို့ကို ပို၍ ထင်ဟပ်ပြနိုင်သည်ဟု အချို့ပညာရှင်များက ယူဆထားကြသည်။ မြန်မာတို့၏ အနုသုခုမပညာရပ်များတွင် အဆို၊ အက၊ အရေး၊ အတီးပညာရပ် အသီးသီးတို့သည် မြန်မာတို့၏ လူနေမှုအဆင့်အတန်း၊ စိတ်သဘောထား ဓလေ့စရိုက်များကို ထင်ဟပ်ဖော်ပြလျက်ရှိသည်သာမက မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားခဲ့မှုများကိုလည်း ထုတ်ဖော်ပြသလျက်ရှိသည်။

### ခေတ်ဟောင်းတေးသံသာ

မြန်မာနိုင်ငံတွင် ပျူခေတ်ယဉ်ကျေးမှု ထွန်းကားချိန်မှစ၍ ကုန်းဘောင်ခေတ် ကုန်ဆုံးချိန်အထိ မြန်မာ့သဘင်၊ မြန်မာ့ဂီတတို့ စည်ပင်ဖွံ့ဖြိုးခဲ့သည်။ ကုန်းဘောင်ခေတ်တွင် နန်းတွင်းဇာတ်တော်ကြီးများ၊ ရုပ်စုံသဘင်များ ခင်းကျင်းပြသခဲ့သည်။ ထီးနန်းဝန်းကျင်ဘွဲ့၊ ဘုန်းတော်ဘွဲ့၊ သဘာဝဘွဲ့၊ အချစ်ဘွဲ့၊ အလွမ်းဘွဲ့စသည့် အကြောင်းအရာများကို ရေးဖွဲ့သော ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား စသည့် တေးဂီတအမျိုးမျိုး ပေါ်ထွန်းခဲ့သည်။ ဗုံကြီးသံ၊ စည်တော်သံ၊ အိုးစည်သံ၊ ဒိုးပတ်သံ၊ ကောက်စိုက်တေး၊ မောင်းထောင်းတေး စသည်ဖြင့် သာမန်ပြည်သူတို့ကြားမှ ပေါ်ပေါက်လာသော ပြည်သူ့တေးသံများ၊ မွန်သံ၊ ကရင်သြသံ၊ ထားဝယ် ဒိန်းသံ စသည့်တိုင်းရင်းသားတေးသံများလည်း ကုန်းဘောင်ခေတ်တွင် အတော်အသင့် ပေါ်ပေါက်လာခဲ့သည်။

၁၉ ရာစုကုန်ခါနီးတွင် မြန်မာတစ်နိုင်ငံလုံး ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပြီးနောက် ၂၀ ရာစုအဦးပိုင်းမှစ၍ မြန်မာ့အနုပညာ လမ်းကြောင်းသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာသည်။ သီပေါမင်းပါတော်မူပြီးနောက် သဘင်ဂီတ အနုပညာရှင်များသည် ကိုယ့်အရှင်သခင်မရှိတော့သည့်အတွက် မင်းနေပြည်တော်တွင် ရပ်တည်မနေနိုင်တော့ဘဲ တကွဲတပြားဖြစ်ပြီး မြို့ရွာအနှံ့ လှည့်လည်ကာ တတ်သည့်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ရုပ်စုံပညာရှင်ကြီးများသည် ပန်းပင်လှည့်မြေဝိုင်းဇာတ်အဖွဲ့၊ ရုပ်စုံခေါ်ရုပ်သေးအဖွဲ့များဖွဲ့ပြီး နိုင်ငံတစ်ဝန်း ကပြကြသည်။

### ခေတ်နှင့်အညီဆန်းသစ်

ထိုမှ ဇာတ်ခုံနှင့် တင်ဆက်ကပြသော ဇာတ်ပွဲသဘင်ဟု ပေါ်ပေါက်လာသည်။ သဘင်ဂီတပညာရှင်များသည် ကိုယ့်အရှင်သခင် ကိုယ်တမ်းတကာ ဇာတိမာန်လှုံ့ဆော်သော တေးများကို ရေးဖွဲ့ပြီး ရုပ်သေးစင်၊ ဇာတ်စင်ပေါ်မှ သီဆိုကပြကြသည်။ ၂၀ ရာစုဆန်းခါနီးတွင် ပေါ်ပေါက်လာသော **"သီဟာပျံနန်းဘုံ မြင့်မှာလ"**၊ **"ပြည်ကုန်းဘောင်"** သီချင်းတို့မှာ ထင်ရှားသည်။ ၂၀ ရာစုဆန်းတွင် ပေါ်ပေါက်လာသော "ရွှေပြည်ကြီး" သီချင်းသည် ရွှေပြည်တော်ကို တမ်းတကဇာတိမာန်ကို လှုံ့ဆော်သော သီချင်းဖြစ်သည်။ ထို့နောက် ခေတ်နှင့်အညီ ဆန်းသစ်လာသော တေးသီချင်းအမျိုးမျိုးပေါ်ပေါက်လာသည်။

ဤသို့ဖြင့် ရုပ်စုံသဘင်၊ မြေဝိုင်းဇာတ်၊ ဇာတ်သဘင်၊ အငြိမ့်သဘင်၊ ဓာတ်ပြား၊ ရေဒီယို စသည်တို့ အမျိုးမျိုးပေါ်ပေါက်လာသော ကာလတစ်လျှောက်တွင် သဘင်ဂီတပညာရှင်များသည် တေးအမျိုးမျိုး ရေးဖွဲ့သီဆိုကြသည်။ ဇာတိမာန်လှုံ့ဆော်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေး တေးများ၊ တိုင်းပြုပြည်ပြုတေးများသည် အချစ်၊ အလွမ်း၊ သဘာဝတေး စသည့်တေးများနှင့်အတူ ပြည်သူတို့၏ နှုတ်ဖျားတွင် ရေပန်းစားလာခဲ့သည်။ လွတ်လပ်ရေး ရပြီးနောက်တွင် သဘင်ဂီတပညာရှင်များသည် လွတ်လပ်သော မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားကြသည်။ သဘင်ပညာသည်များသည် မြန်မာ့ရိုးရာသဘင်ကို ထိန်းသိမ်းရင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ကြသည်။ ဂီတပညာရှင်များကလည်း **"ဂီတစွမ်းအားပြည့်ထွန်းကား"** ဆောင်ပုဒ်နှင့်အညီ ပါဝင်ဆောင်ရွက်ကြသည်။

### ငွေရတုအထိမ်းအမှတ်

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို စဉ်ဆက်မပြတ် ဖော်ထုတ်နေခြင်းသည် ထိန်းသိမ်းစောင့်ရှောက်နေခြင်းမည်ပါသည်။ အကယ်၍သာ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများကို မဖော်ထုတ်နိုင်၊ မထိန်းသိမ်းနိုင်၊ မကျင်းပနိုင်၊ မဆင်နွှဲနိုင်ခဲ့လျှင် ဆိုပါမူ ခေတ်ပေါ်ရေစီးကြောင်းတို့ လွှမ်းမိုးပြီး အစဉ်အလာကြီးမားခဲ့သည့် မြန်မာတို့၏ ယဉ်ကျေးမှု အနုသုခုမပညာရပ်များ မှေးမှိန်ပျောက်ကွယ်သွားမည်မှာ သေချာပါသည်။ မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုအနုသုခုမပညာရပ်များ မမှေးမှိန်၊ မပျောက်ကွယ်စေရန်အတွက် နိုင်ငံ့ခေါင်းဆောင်များက အမြော်အမြင်ကြီးမားစွာဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးခဲ့ရာ ယခုအအခါ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်ကာလသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခမပညာရပ်များကို စဉ်ဆက်မပြတ် ရှင်သန်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ထုတ်ပေးခဲ့သည့် အစိုးရအဆက်ဆက်နှင့် ဝါသနာရှင်များ၊ ပညာရှင်များအားလုံးကို ကျေးဇူးတင်ရမည်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ (၂၂) နှစ် (၂၂) ကြိမ်တိုင်တိုင် နှစ်စဉ်မပျက် ကျင်းပပေးနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်ကြာအောင် ကျင်းပနိုင်ခြင်းမရှိခဲ့သဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ မှေးမှိန်ကင်းကွာစပြုလာသည်။ ထိုကာလများတွင် မြန်မာ့ရိုးရာအနုသုခုမပညာရပ်များသာမက ဘာသာ သာသနာ ယဉ်ကျေးမှုပုံရိပ်များပါ မှေးမှိန်းပျက်ယွင်းလာသည်ကို သတိထားမိကြမည် ဖြစ်သည်။


*စာမျက်နှာ ၁၆ သို့*

❑ သဘင်ပညာဖြင့် လူ့သဘာဝ၊ လောကသဘာဝတို့ကို အနုပညာရှင်တို့က ထိရောက်စွာ သရုပ်ဖော်နိုင်သည်။ အလွမ်း၊ အဆွေး၊ အသောတည်းဟူသော စိတ်အရသာကိုးပါးကို ထိထိမိမိ ဖော်ကျူးနိုင်သည်။ သဘင်တွင် အဆို၊ အက၊ အရေး၊ အတီး ကဏ္ဍလေးရပ်ကို ပေါင်းစုထုတ်ဖော်ထားသည်။ ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီး၏ အနှစ်သည် သဘင်ဟု ဆိုနိုင်သည်။ လူမျိုးတစ်မျိုး၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများထက် ထိုလူမျိုး၏ အနုပညာက ထိုလူမျိုး၏ ဓလေ့စရိုက်၊ လူနေမှုအဆင့်အတန်းတို့ကို ပို၍ထင်ဟပ်ပြနိုင်သည်ဟု အချို့ပညာရှင်များက ယူဆထားကြသည်။ မြန်မာတို့၏ အနုသုခုမပညာရပ်များတွင် အဆို၊ အက၊ အရေး၊ အတီး ပညာရပ်အသီးသီးတို့သည် မြန်မာတို့၏ လူနေမှု အဆင့်အတန်း၊ စိတ်သဘောထား ဓလေ့စရိုက်များကို ထင်ဟပ်ဖော်ပြလျက်ရှိသည်သာမက မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားခဲ့မှုများကိုလည်း ထုတ်ဖော်ပြသလျက်ရှိ

# မြင့်မားသည့် ပညာရေးဖြင့်သာ နိုင်ငံဖွံ့ဖြိုးသာယာအောင် စွမ်းဆောင်နိုင်မှာပါ

ဒေါက်တာမောင်သင်း

❖ **“နိုင်ငံတစ်နိုင်ငံတွင် ရှိကိုရှိရမည့် မူလအခြေခံ ပကတိတရားမှာ နိုင်ငံနယ်နိမိတ်နှင့် အချုပ်အခြာ အာဏာတည်မြဲမှုပါ။ ယင်းပကတိတရားများ နိုင်ငံအတွင်း တည်မြဲရှင်သန်မှုက အဓိကပါ။” ဤအရေးကို ပညာရည်နိမ့်၍ မင်းညီမင်းသားများမမြင်ကြ။ “နိုင်ငံ့အခြေခံ ပကတိတရားများဖြစ်သည့် နိုင်ငံ့နယ်နိမိတ်တည်မြဲမှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုတို့ကို ပထမဦးစားပေး ထိန်းသိမ်းရန် ကြိုးပမ်းကြရမည့်အစား မင်းညီမင်းသားများနှင့် မှူးကြီး၊ မတ်ရာအစုအဖွဲ့အသီးသီးသည် မင်းအာဏာကိုသာ စုပြုံတိုး၍ လုနေကြ . . .**




ကမ္ဘာကြီးကိုပြောင်းလဲဖို့
အစွမ်းထက်ဆုံးလက်နက်ဟာ
ပညာရေးပါပဲ။
နယ်လ်ဆင်မန်ဒဲလား
(တောင်အာဖရိကနိုင်ငံသမ္မတ)

မြင့်မားသည့် ပညာရေး၏ သဘော

ပညာရေးဟုဆိုလိုက်လျှင် ကျောင်းအမျိုးမျိုးနှင့် စာသင်ခန်း၊ ဆရာ ဆရာမနှင့် ကျောင်းသူ ကျောင်းသားများကိုသာ ပြေးမြင်နေကြသည်။ ကျောင်းမှာ ပညာသင်ခြင်းသည် ပညာရေးကို အကောင်အထည်ဖော်သည့် နည်းလမ်းသုံးသွယ်အနက်မှ တစ်နည်းသာ ဖြစ်ပါသည်။ ယင်းနည်းလမ်းသုံးသွယ်မှာ

(က) ကျောင်းသင်ပညာရေး (Formal Education)၊

(ခ) ကျောင်းပြင်ပ ပညာရေး (Non-formal Education)၊

(ဂ) တစ်သက်တာကိုယ်တိုင်သင်ယူပညာရေး (Informal Education) တို့ ဖြစ်ပါသည်။

ကျောင်းသင်ပညာရေးမှာ စနစ်ကျ၏။ ဆရာ ဆရာမ၊ ကျောင်းသူ ကျောင်းသား ကျောင်းနှင့် စာသင်ခန်းအတိအကျရှိ၏။ လူသား၏ အသက်အရွယ်နှင့်အညီ သင်ရိုးညွှန်းတမ်း၊ အချိန်ကာလ၊ အတန်းအဆင့် အရည်အသွေးဆန်းစစ်မှုများဖြင့် **“နိမ့်သောအသိမှ မြင့်ရာအသိအမြင်သို့၊ ကျဉ်းမြောင်းမှုအမြင်မှ ကျယ်ပြန့်မှုဆီ၊ လွယ်ကူရာမှ နက်နဲသည့် ဆင်ခြင်သုံးသပ်နိုင်စွမ်းသို့ သွား၏”** ဖတ်စာအုပ်ထဲမှ စာလောက်ကိုသာ အလွတ်ကျက်ရုံမျှလောက်ဖြင့် ဤကဲ့သို့ ဉာဏ်ရည်မြင့်သည့်အဆင့်ကို မရနိုင်၊ မတက်လှမ်းနိုင်ပေ။

ကျောင်းထွက်သွားလျှင်လည်း မိမိကိုယ်တိုင် တစ်သက်တာလေ့လာခြင်းဖြင့် ဆက်လက်ဖြည့်ဆည်းနေသူဖြစ်ရပါမည်။ သို့မှသာ တွေးခေါ်သုံးသပ်နိုင်မှုမြင့်မားသူ ဉာဏ်ရည်မြင့်လူသားအဖြစ် ဘဝတစ်လျှောက်လုံး ဆက်လက်ရပ်တည်နိုင်ပေမည်။ ပတ်ဝန်းကျင်ရှိ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှ သင်ယူခြင်းနှင့် စာဖတ်ခြင်းမှ တစ်ဆင့် ရယူခြင်းသည် တစ်သက်တာ ကိုယ်တိုင်သင်ယူသည့် ပညာရေးအမျိုးအစားဖြစ်ပါသည်။

မြင့်မားသည့် ပညာရေးဆိုတာ ကျောင်းမှ ထွက်သွားလျှင် **“ဆက်လက်သင်ယူလိုစိတ် ပြင်းပြသူ”** များ မွေးထုတ်ခြင်း (သို့) အထက်ပါအပိုဒ် (က) ကျောင်းသင်ပညာရေးမှသည် အပိုဒ်(ဂ) ဘဝတစ်သက်တာ ကိုယ်တိုင်သင်ယူပညာရေးသို့ တစ်သက်လုံး ကူးပြောင်းလေ့လာနိုင်သူများ၊ တစ်နည်းအားဖြင့် ပညာနောက်သို့လိုက်၍ ကိုယ့်ကိုယ်ကိုယ် ဖြည့်ဆည်းနေသူများ ပေါ်ထွန်းလာရေးပါ။

**“မြင့်မားသည့်ပညာရေး၏ ရလဒ်မှာ ကျောင်းက ထွက်သွားသူတိုင်းသည် ငါတို့မှာ ပညာပြီးဆုံးခြင်းမရှိသေးဟုခံယူကာ တစ်သက်တာ ဆက်လက်သင်ယူမှုကို ပြုလုပ်နေရမည်ဟု ခံယူသွားသူများ ပွားများလာအောင် လေ့ကျင့်ပေးခြင်း**”ပင် ဖြစ်ပါသည်။

နိုင်ငံတကာ၌ ထင်သာမြင်သာသည့် ဆက်လက်လေ့လာမှုကတော့ **“စာဖတ်နာခြင်း” “စာဖတ်သည့်အထုံပါရမီ”** ပါရှိသည့်လူများ ပေါ်ကြွယ်ဝခြင်းပါ။ အပိုဒ်(ခ) ပညာရေးမှာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသို့ မရောက်လာနိုင်သူများ၊ ကျောင်းမပြီးမီ ကျောင်းထွက်သွားသူများ ကျောင်းသင်ပညာရေး သင်ကြားမှု အခွင့်အရေးမဆုံးရှုံးရအောင် ကျောင်းပြင်ပတွင် သင်ကြားနိုင်ရန် စီစဉ်ထားသည့် ပညာရေးဖြစ်ပါသည်။

### ပညာရေးအခြေမြင့်မှသာ လူ့အဖွဲ့အစည်းဝင့်ထည်နိုင်မှာ

ကမ္ဘာကြီးကို ပြောင်းလဲရန် ပညာရေးသည် အဓိကဆိုသော်ငြားလည်း နိမ့်ကျသည့် ပညာရေးဖြင့် အရာမထင်နိုင်ပါ။ မြင့်မားသည့် ပညာရေးကသာ စွမ်းဆောင်နိုင်ပါလိမ့်မည်။ အကြမ်းဖျင်းအားဖြင့် **“စာသင်တာ” “စာမေးပွဲရမှတ်ပြိုင်တာ”** လောက်သာ ဦးစားပေးနေသော ပညာရေးမျိုးသည် မြင့်မားသည့် ပညာရေးမဟုတ်သည်မှာ သေချာသည်၊ ထိုပညာရေးမျိုးသည် **“စာမေးပွဲတွင် အဆုံးသတ်၏”**။ ဘဝတစ်သက်တာသင်ယူမှု (life long learning) အထိ ပါမသွားပေ။ ကျောင်းသင်စာလောက်သာဖတ်၏၊ ဘဝတစ်သက်တာသင်ယူမှု ဖြည့်ဆည်းလေ့လာမှုဖြစ်သည့် **“စာဖတ်ခြင်း”** အလုပ်ကို ဆက်မလုပ်ကြသည်က များ၏။

မြင့်မားသည့် ပညာရေးဆိုသည်မှာ ကျောင်းထွက်သွားလျှင် ကိုယ်တိုင်တစ်သက်တာ သင်ယူမှုကို ဆက်လုပ်နေသူများ၊ ဖြည့်ဆည်းနေသူများ နိုင်ငံမှာ ပေါ်ကြွယ်ဝနေသည့် ပညာရေးမျိုးဖြစ်ပေသည်။ ထိုပညာရေးမျိုးကသာ **“ပညာတတ်နိုင်ငံတော်”** (Educated Nation) ဖြစ်ထွန်းစေသည်။ နိမ့်ကျသည့် ပညာရေးတွင် သင်ယူသူသည် မိမိ၏ အကျိုးစီးပွားလောက်သာ အလေးထား၏။ နိုင်ငံနှင့် လူ့အဖွဲ့အစည်းအကျိုးစီးပွားကို ဆောင်ရွက်လိုစိတ် ပွားများအောင် လေ့ကျင့်ပေးမှုအားနည်း၏။ မြင့်မားသည့်ပညာရေးမှာ လူတစ်ဦးချင်း ထူးချွန်မှုမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံး အရည်အသွေးပြည့်ဝမှုဆီကို ဦးတည်၏၊ ရမှတ်ကောင်းမှုထက် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု၊ မြင့်မားမှုကို ဦးစားပေးသည်။

ဆိုလိုသည်မှာ လူ့အဖွဲ့အစည်းဝင်များ၊ နိုင်ငံသားအားလုံး၏ **“ကျိုးကြောင်းဆင်ခြင် ဝေဖန်သုံးသပ်နိုင်စွမ်း ဉာဏ်ရည်မြင့်မားမှု”**ကို ဖော်ဆောင်စေသည်။ ဘဝတစ်သက်တာသင်ယူမှုဟုဆိုသည့် စာဖတ်ခြင်းအလုပ်ကို အထုံအဖြစ်ပါလာမှ ဖြည့်ဆည်းသက်ရှိလာ၏၊ ထိုမှတစ်ဆင့် ရင့်ကျက်မှုကိုရ၏။ သို့မှသာ နိုင်ငံသားတိုင်းသည် သူ့ဘက်ကိုယ့်ဘက် တွေးတတ်၊ စာနာတတ်မည်။ ကိုယ်ချင်းစာစိတ်ပွားမည်။ အဆိုပါစိတ်ထားများ ပြည့်လျှမ်းနေသည့် လူ့အဖွဲ့အစည်းဖြင့်သာ နိုင်ငံ၏ငြိမ်းချမ်းမှုကို ဖော်ဆောင်နိုင်ပေမည်။

ကြံစည်တွေးခေါ်မြော်မြင်မှု ရင့်သန်စေရန် လေ့ကျင့်ပေးသည့် ပညာရေးမျိုးကသာ နိမ့်ကျသည့် နိုင်ငံနှင့် လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းသာယာအောင်၊ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပြောင်းလဲနိုင်မည့် အစွမ်းထက်လက်နက်အဖြစ် ပေါ်ထွန်းလာနိုင်ပါသည်။ သို့ဖြစ်၍ သမ္မတကြီး နယ်လ်ဆင်မန်ဒဲလား၏ အဆိုမှာပါသည့် **“ပညာရေး”** ကို ရှေ့မှ **“မြင့်မားသည့်”** နာမဝိသေသနစကားလုံးလေး ထပ်ဖြည့်ပြီး **“မြင့်မားသည့်ပညာရေး”** ဟု ပြင်ဆင်ပါရစေ။ **“နိုင်ငံ့ပညာရေးအခြေမြင့်မှသာ မြန်မာ့လူ့အဖွဲ့အစည်းဝင့်ထည်နိုင်မှာ”** ဟူသည့် ဆောင်ပုဒ်ကလေးကိုလည်း အဆိုပြုလိုက်ချင်ပါသည်။ ပညာရေးသည် အစွမ်းထက်လက်နက်အဖြစ် အသုံးပြုနိုင်ရန် မြင့်မားသည့်ပညာရေးကို ကျွန်တော်တို့နိုင်ငံ အနေဖြင့်လည်း မဖြစ်မနေ ဖော်ဆောင်သင့်သည်ဟု မြင်မိသည်။

### နိုင်ငံရေးကျိန်စာသင့်လျှင် နိုင်ငံဖွံ့ဖြိုးမှုမရှိ

ကျွန်တော်တို့နိုင်ငံ၏ ယနေ့ဖြစ်ပေါ်နေသော အခြေအနေများနှင့် နိုင်ငံဖွံ့ဖြိုးမှု၏ ခလုတ်တံသင်းများအကြောင်းကို မိတ်ဆွေများနှင့် ပညာရေးနှင့် စာပေရေးရာရှုထောင့်မှ သုံးသပ်မိသမျှ မျှဝေလိုပါသည်။ မိတ်ဆွေများက ယနေ့နိုင်ငံအတွင်းဖြစ်ပေါ်နေသည့် မငြိမ်သက်မှုများသည် **“စာပေနှင့် မီဒီယာအဆိပ်သင့်ခြင်း”** ဒဏ် ခံရမှုပါဟု ရှုမြင်ပါကြောင်း ဆွေးနွေးကြပါသည်။

စာပေအဆိပ်သင့်ခြင်းတွင် ဝါဒ၊ အယူအဆ၊ အတွေးအခေါ်များထဲမှ တစ်မျိုးတည်းကိုသာ အကောင်းဆုံးဟု ရေးသားခြင်း (သို့) ငါ့ဝါဒ၊ ငါ့အယူအဆသည် အခြားအယူအဆနှင့် နှိုင်းစရာမရှိဟု ဝါဒဖြန့်နေခြင်းနှင့် တည်ဆဲအစိုးရ (သို့) ခိုင်မာသော နိုင်ငံတည်ဆောက်ရေး အဖွဲ့အစည်းတစ်ခုခုကို သွေးကွဲအောင် အပြစ်ပုံချနေမှုများကြောင့်ဟု ဆွေးနွေးကြပါသည်။ မှန်သင့်သလောက် မှန်ပေသည်။ တကယ့်အရင်းအမြစ်မှာ လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံး ပညာကိုယ်ခံအားနည်း၍သာ စာပေနှင့် မီဒီယာကဝင်ရောက်အဆိပ်ခတ်နိုင်ခြင်းဖြစ်ကြောင်းနှင့် နောက်ဆုံးတွင် ကျွန်ဖြစ်ရသည်အထိ **“နိုင်ငံရေးကျိန်စာသင့်ခဲ့ခြင်း”** သည် နိုင်ငံ့ပညာရေးနိမ့်၍ နိုင်ငံသားများ ဉာဏ်ရည်နိမ့်ကျခြင်းကြောင့်ဖြစ်ပါသည်။

နိုင်ငံရေးကျိန်စာသင့်ခဲ့လျှင် နိုင်ငံသည်လည်း မတည်မငြိမ်ဖြစ်၊ ဆူပူမှုတွေဖြစ်လာကာ နိုင်ငံဖွံ့ဖြိုးရေးကို မလုပ်နိုင်တော့ပေ။ ပညာရေးမြင့်ခဲ့လျှင် နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးမှုလည်း ကျွဲကူးရေပါ ဖြစ်လာပါလိမ့်မည်ဟု ကျွန်တော့်အမြင်ကို ဆွေးနွေးခဲ့ပါသည်။

### မြန်မာ့သမိုင်းမှာ ပညာရေးနိမ့်၍ ကျွန်ဖြစ်ခဲ့ရခြင်း

ရင်းနှီးသည့်မိတ်ဆွေများနှင့် သမိုင်းဆရာများကို မေးကြည့်မိသည်။ မြန်မာတွေ ဘာကြောင့် ကျွန်ဘဝရောက်သလဲဆိုသည့် မေးခွန်းပါ။ စည်းလုံးညီညွတ်မှုကင်းမဲ့လို့၊ လက်နက်ခေတ်မမီလို့၊ နိုင်ငံရေးကို နိုင်ငံတကာနှင့်ယှဉ်၍ အမြင်ကင်းမှု၊ သုံးသပ်နိုင်မှုအားနည်းလို့ စသည်ဖြင့် သမားရိုးကျကြားနေရသည့် အဖြေများသာ ဖြေကြပါသည်။ သမိုင်းပါမောက္ခ (ငြိမ်း)တစ်ယောက်ကသာ **“ပညာရေးကွာလို့” “ပညာရေးနိမ့်ကျလို့”** ဟု ဖြေပါသည်။

ဘာကြောင့်လဲဟုမေးရာ ကျွန်တော်တို့က **“ဘုန်းတော်ကြီးသင်ပညာရေး”**ပဲ ရှိသေးတာ၊ ဥရောပတစ်ခွင်မှာက တက္ကသိုလ်ပညာရေးရှိခဲ့တာ တောင် ရာစုနှစ်အတော်ကြာခဲ့ပြီ။ နိုင်ငံကာကွယ်ရေးမှာတောင် သူတို့ဆီမှာက စစ်တက္ကသိုလ်တွေ ရှိနေပြီ၊ ထင်ရှားတာက အင်္ဂလန်မှာ Royal Military Academy , Samdhurst (RMAS) (1802) ပါ။ ကျွန်တော်တို့ဆီမှာ မရှိဘူးလေတဲ့။ ယနေ့ ကျွန်တော်တို့၏ တက္ကသိုလ်များနှင့် စစ်တက္ကသိုလ်များကိုလည်း သူတို့ကပဲ အစပျိုးခဲ့တာပါတဲ့။ ဂျပန်နိုင်ငံက မေဂျီ (Meiji) ဘုရင် ခေတ်နှင့်အပြိုင် မင်းတုန်းမင်းလက်ထက်တွင် ဥရောပနိုင်ငံများသို့ ပညာတော်သင်စေလွှတ်ခဲ့သော်လည်း ပြန်လာသူတွေထဲမှ အတတ်ပညာလောက်သာ သင်ယူခဲ့၏၊ ပြန်၍အသုံးချ၏၊ ကုန်းဘောင်နောက်ဆုံးခေတ်တွင် ဖန်ချက်စက်ရုံ၊ မဲနယ်စက်ရုံ၊ ဒင်္ဂါးသွန်းစက်ရုံ စသည်ဖြင့် ပေါ်ထွန်းခဲ့ပေသည်။ သို့သော် **“မြန်မာ့ပညာရေးကို ဘုန်းတော်ကြီးသင် ပညာရေးမှ အနောက်တိုင်းခေတ်မီပညာရေးသို့ မြှင့်တင်ရန် မကြိုးပမ်းခဲ့ကြပေ”**၊ ကြိုးပမ်းခွင့်လည်း ရခဲ့ဟန်မတူခဲ့ပါ။ မြန်မာ့ပညာရေးမှာ နိမ့်ကျခဲ့သည်၊ နည်းပညာမှာလည်း ကွာခဲ့ပါသည်။

ပညာရေးနိမ့်ကျ၍ ကျွန်ဘဝသို့ မြန်မာနိုင်ငံရောက်ခဲ့ရပါသည်ဆိုသည့် သုံးသပ်ချက်ကို ကျွန်တော်လက်ခံပါသည်။ ပညာရေးနိမ့်၍ နိုင်ငံသားများ၊ အုပ်ချုပ်သူများ ပညာရည်ညံ့လာသောကြောင့် ထိုအချိန်က ပြည့်ရှင်မင်း၏ နိုင်ငံအုပ်ချုပ်ခွင့်အာဏာ (မင်းအာဏာ)နှင့် နိုင်ငံတည်မြဲမှု၊ နိုင်ငံ၏နယ်နိမိတ်တည်တံ့မှု၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာခိုင်မြဲမှု ဘယ်အရာက ပိုအရေးကြီးပါသလဲ၊ ဘယ်အရာက ပိုမြင့်ပြီး အဓိကမဏ္ဍိုင်အဆင့်မှာ ရပ်တည်နေပါသလဲ၊ မင်းအာဏာဟူသည် နိုင်ငံဆိုတာရှိမှ၊ ပြီးတော့ ထိုနိုင်ငံ၏ အချုပ်အခြာအာဏာတည်မြဲနေမှ **“ရနိုင်သည့်” “ရှိနိုင်သည့်”** တစ်ဆင့်နိမ့်အရာပါ။

**“နိုင်ငံတစ်နိုင်ငံတွင် ရှိကိုရှိရမည့် မူလအခြေခံ ပကတိတရားမှာ နိုင်ငံနယ်နိမိတ်နှင့် အချုပ်အခြာအာဏာတည်မြဲမှုပါ၊ ယင်းပကတိတရားများ နိုင်ငံအတွင်း**

*စာမျက်နှာ ၁၆ သို့*

စာမျက်နှာ ၁၄ မှ

### ပြန်လည်ကျင်းပပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်သည့် ကာလတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်ပါ ပုဒ်မ (၂၇) အရ နိုင်ငံတော်သည် အမျိုးသား ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည့်အချက်အရလည်းကောင်း၊ ပုဒ်မ(၃၃) အရ နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်မည့်အချက်အရလည်းကောင်း၊ ပုဒ်မ ၃၉၀ (က)အရ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း အချက်အရလည်းကောင်း မြန်မာ့ယဉ်ကျေးမှု ထွန်းကားပြန့်ပွားရေးကို အလေးအနက်ထားပြီး ရပ်ဆိုင်းထားခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြန်လည်ကျင်းပပေးခဲ့သည်။

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲများကို နေပြည်တော်တွင် ခြိမ့်ခြိမ့်သဲသဲ အောင်အောင်မြင်မြင် ကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စသည်ဖြင့် အဆင့်ဆင့် ကျော်ဖြတ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲကြီးသို့ပင် ရောက်ရှိတော့မည်ဖြစ်သည်။ ငွေရတုမြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခင်နှစ်များကဲ့သို့ပင် ပြိုင်ပွဲဝင် အနုပညာကဏ္ဍများအလိုက် စုံစုံလင်လင်၊ အကဲဖြတ်ပညာရှင်ကြီးများ သိုက်သိုက်ဝန်းဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ်ပြိုင်ပွဲဝင် လူငယ်မောင်မယ်များ ရွက်ပုန်းသီးအနုပညာရှင်များ အင်ပြည့်အားပြည့်ဖြင့် ပြိုင်ပွဲဝင်ခဲ့ကြ၊ ဗဟိုအဆင့်တွင် အောင်ပန်းဆွတ်ခူး ရယူနိုင်ရန် အသင့်ဖြစ်နေကြသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

### လွမ်းမောတက်ကြွဖွယ်

(၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ ရှေးအစဉ်အလာပညာရပ်များ အားလုံးပါဝင်နေသည်ကို တွေ့ရသည်။ ဟောင်းသော်လည်း မရိုးနိုင်သည့် ဘိုးဘွားအမွေအနှစ် အနုပညာရပ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် တစုတစည်းတည်း ထုတ်ဖော်တင်ဆက်ထားသည်။ အဆိုပြိုင်ပွဲ မဟာဂီတတေးသီချင်းတွင် စုံသာမြိုင်လယ်၊ ဆဒ္ဒန်အိုင်သာ၊ သီလာဝေယံ၊ လေပြည်ဆော့သွင်းမြူး၊ မြင်ဟေမာစသည့်သီချင်းများ။ ခေတ်ဟောင်းတေး ကာလပေါ်တေးများတွင် ဦးသြဘာသောင်း၏ မြဘယက်၊ စွဲမက်တဲ့ အာရုံ၊ ဘုံမွေ့တာ၊ ဦးသိန်းကြွယ်၏ ရပ်ကြီးသူ၊ ဝင်းဦး၏ ညီတော်မင်းနန်း၊ မေတ္တာဝေသံ ဆန်း၊ ဒေါ်ကြည်အောင်၏ ရွှေတိဂုံသမိုင်း၊ တောင်သူပျို့၊ ကြည်ကြည်ငွေး၏ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ၊ မာမာအေး၏ စည်တော်ကြီး၊ ထား၏ ပြိုင်ပွဲကြီး၊ ဂီတလုလင်ဦးကိုကို၏ မာန်၊ ကိုမင်းနောင်၏ ဂျင်မလေးဂျမ်း၊ ခင်မောင်ရင်၏ မဟာဇနက၊ တင်တင်မြ၏ နွေမိုးဆောင်း စသည်တို့သည် ဟောင်းသော်လည်း မရိုးနိုင်သည့် လွမ်းမောဖွယ် တက်ကြွဖွယ် တေးများဖြစ်သည်။

### စုံလင်စွာပါဝင်ယှဉ်ပြိုင်

အတီးပြိုင်ပွဲ "စောင်း" တွင် ဖြူပြာမှုရာ၊ တောတောင်စွယ်၊ ထောင်ရောင်နေ၊ စိန်မြရံချယ်၊ ခိုင်ပန်းစုံ၊ ပန်းဟောဝန်၊ သည်ဆောင်းဟေမာန်စသည့် ယိုးဒယား၊ သီချင်းခံ၊ ကြိုး၊ ဘွဲ့၊ ပတ်ပျိုး၊ မွန်စသည့် တို့ဖြင့် စုံလင်သည်။ အတီးပြိုင်ပွဲ "စန္ဒယား" တွင် တောမြိုင်ခြေလမ်း၊ ယသော်ဓရာ၊ နှစ်ကိုယ်သစ္စာ၊ မွေးလွန်းသည့်ပန်း၊ ချစ်သမျှကို၊ မဲဇာတောင်ခြေ၊ ချစ်ဦးမောင့်ထံပြန်လာပါ၊ ချောကလျာ၊ နှစ်ယောက်ထဲနေချင်တယ်စသည့် ငြိမ့်ညောင်းသာယာ လွမ်းမောဖွယ်တေးသီချင်းများပါဝင်သည်။ အလားတူ အတီးပြိုင်ပွဲ၌ "ပတ္တလား၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်၊ နဲ၊ ပလွေ၊ အိုးစည်၊ ဒိုးပတ်၊ ဆိုင်း" စသည့် တေးသွားမျိုးစုံပါဝင်သည်။ အကပြိုင်ပွဲတွင် မြန်မာ့အကအခြေခံ ကဗျာလွတ်၊ တိုင်းရင်းသားရိုးရာအက၊ ကျေးလက်ရိုးရာအက၊ ချင်းတိုင်းရင်းသားရိုးရာအက၊ မဟာဇနက ဇာတ်တော်ကြီးပြိုင်ပွဲ၊ ဝေဿန္တရာဇာတ်တော်ကြီး ရုပ်စုံသဘင်ပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲစသည်တို့ စုံလင်စွာဖြင့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

### ယဉ်ကျေးမှုကိုမြှင့်တင်

မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ယဉ်ကျေးမှုဂုဏ်ကို လှစ်ဟဖော်ထုတ်ပြသမည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲကြီး မကြာမီကျင်းပတော့မည် ဖြစ်သည်။ ပြိုင်ပွဲအဆင့်ဆင့်မှတစ်ဆင့် ဆန်ခါတင်အနုသုခုမပညာရှင်များ၊ ဝါသနာရှင်အသီးသီးတို့၏ အနုပညာစွမ်းပကားများကို မြင်တွေ့ခွင့်ရတော့မည်ဖြစ်သည်။ ရှေးအစဉ်အလာမပျက် ထူးခြားလေးနက်သည့် မြန်မာတို့၏ ယဉ်ကျေးမှုအနုသုခုမပညာရပ်များ မပျောက်ပျက်ဘဲ ပေါ်ထွက်လာသည်မှာ ဝမ်းမြောက်ဂုဏ်ယူစရာ ဖြစ်သည်။ မြင့်မားသည့် ယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့်ပြည့်စုံသည့် မြန်မာနိုင်ငံ အနေဖြင့် ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဓလေ့ထုံးတမ်း စဉ်လာများကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်အားပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အစဉ်အလာကြီးမားသော မြန်မာတို့၏ ယဉ်ကျေးမှုအနုသုခုမပညာများကို ထိန်းသိမ်းမြှင့်တင်ပါမှ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မား၍ ချစ်ခင်စည်းလုံးညီညွတ်ပြီး နှလုံးမွေ့လျော်ဖွယ်ကောင်းသော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် အစွန့်ရှည်ကြာ တည်ဆောက်ထားနိုင်မည်ဖြစ်သည်။ မြန်မာတို့၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ အမျိုးသားယဉ်ကျေးမှုကို ထုတ်ဖော်ပြသမည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အားပေးမြှင့်တင်ပြီး ကြိုဆိုဂုဏ်ပြုလိုက်ရပါကြောင်း။ ။

**ကိုးကားချက် - မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၂။ - (၂၄) ကြိမ်နှင့် (၂၅) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသတင်းများ။**

စာမျက်နှာ ၁၅ မှ

တည်မြဲရှင်သန်မှုက အဓိကပါ။" ဤအရေး ကို ပညာရည်နိမ့်၍ မင်းညီမင်းသားများမမြင်ကြ။ **"နိုင်ငံ့အခြေခံ ပကတိတရားများဖြစ်သည့် နိုင်ငံနယ်နိမိတ်တည်မြဲမှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုတို့ကို ပထမဦးစားပေးထိန်းသိမ်းရန် ကြိုးပမ်းကြရမည့်အစား မင်းညီမင်းသားများနှင့် မှူးကြီး၊ မတ်ရာအစုအဖွဲ့ အသီးသီးသည် မင်းအာဏာကိုသာ စုပြုံတိုး၍ လုနေကြသည်။"** အနှစ်ကိုပယ်၍ အကာကိုသာ အလေးပေးနေကြသည်။ အဓိကနှင့်သာမည ခွဲခြားနိုင်ခြင်း အားနည်းမှု၏ရလဒ်မှာ နောက်ဆုံးတွင် ဘုရင်နှင့်မင်းညီမင်းသားများ၊ မှူးမတ်မှအစ နိုင်ငံသားအားလုံး ကျွန်ဖြစ်ခဲ့သည်။ ပို၍ဆိုးသည်မှာ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းခဲ့သည့် **"ထီးစဉ်၊ နန်းဆက်"** ပျက်သုဉ်းခဲ့ခြင်းပါ။ **"နောက်တစ်ကြိမ် ထပ်မံမခွင့်မရှိသည့် သမိုင်းသင်ခန်းစာပါ"**။ မဖြစ်မနေ သင်ခန်းစာယူရပါမည်။

> ❑ **"မြင့်မားသည့်ပညာရေး၏ ရလဒ်မှာ ကျောင်းက ထွက်သွားသူတိုင်းသည် ငါတို့မှာ ပညာပြီးဆုံးခြင်းမရှိသေးဟုခံယူကာ တစ်သက်တာ ဆက်လက်သင်ယူမှုကို ပြုလုပ်နေရမည်ဟု ခံယူသွားသူများ ဖွားများလာအောင် လေ့ကျင့်ပေးခြင်း"ပင်ဖြစ်**
>
> ❑ **"နဂါးနီစာအုပ်အသင်းသည် ထိုအချိန်က ကျွန်ဘဝရောက်နေသည့် မြန်မာနိုင်ငံသူ နိုင်ငံသားများကို နိုင်ငံရေး အမြင်ကျယ်လာအောင်၊ ကျွန်ဘဝက လွတ်မြောက်လိုစိတ် မြင့်မားအောင်၊ ဇာတိသွေးဇာတိမာန်များ တက်ကြွလာအောင်၊ နိုးကြားလာအောင် လှုံ့ဆော်ပေးနိုင်ခဲ့ပါသည်"။ သို့သော်လည်း "လက်ဝဲစာပေဦးစားပေးမှု" ၏ ဘေးထွက်ဆိုးကျိုးအဖြစ် လွတ်လပ်ရေးရအပြီးတွင် ဝါဒစွဲကြီးမားကာ ဗမာပြည်ကွန်မြူနစ်များ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် တောခို၍ ပြည်တွင်းသောင်းကျန်းမှုများ ကြီးထွားခဲ့**

နောက်မျိုးဆက်တွေ သိကိုသိရမည့် သမိုင်းသင်ခန်းစာဖြစ်ပါသည်။ ပြီးလျှင် မမှားအောင် ကျင့်ကြံနိုင်အောင် ပညာရေးက လေ့ကျင့်ပေးရပါမည်။ ဤသို့ပညာရေး နိမ့်ကျ၍သာ ကျွန်ဘဝရောက်သည်အထိ **"နိုင်ငံရေးကျိန်စာသင့်ခံရမှု"**ကို နောက်မျိုးဆက်များအားလည်း မသင်ပေးခဲ့။ ထို့အတူနိုင်ငံ၏ အချုပ်အခြာအာဏာတည်မြဲနေပါမှ မင်းအာဏာရှိမည်ဆိုသည့်အသိကို ယနေ့အထိ ကျောင်းသင်ခန်းစာများတွင်လည်း ထည့်သွင်း၍ သင်မပေးခဲ့ပါ။ ကျွန်တော့်အမြင်အားဖြင့် ကျွန်တော်တို့ နိုင်ငံသားတွေ ပညာရေးနိမ့်ကျ၍သာ ကျွန်လည်းဖြစ်ခဲ့၊ ပြီးတော့ အဆိုပါသင်ခန်းစာကို ယူတတ်အောင် နောက်မျိုးဆက်များကိုလည်း မသင်ပေးခဲ့၍သာ ယနေ့တိုင်လည်း နိုင်ငံသားများကို ခေတ်သစ်ကိုလိုနီနယ်ချဲ့သမားများက အဝေးထိန်းနည်းဖြင့် **"ကျွန်ဇာတ်သွင်း၊ အဆိပ်ခတ်နိုင်မှုကြောင့် နိုင်ငံရေးကျိန်စာသင့်သည့်ဒဏ်ခံနေရခြင်း"** ဟု မြင်မိပါသည်။

### စာပေအဆိပ်သင့်နိုင်ကြောင်း သတိပေးခဲ့မှုရှိခဲ့သော်လည်း

နဂါးနီစာအုပ်အသင်းကို ၁၉၃၇ ခုနှစ်တွင် ဦးနုနှင့် ဦးသွန်းအေးတို့က တည်ထောင်ခဲ့သည်။ ထိုစာအုပ်အသင်းက တော်လှန်ရေးနှင့် လက်ဝဲစာပေများကိုသာ သာသာထိုးထိုး ဘာသာပြန်ခဲ့ကြသည်။ ဤသည်ကို ဆရာကြီးဂျာနယ်ကျော် ဦးချစ်မောင်က **"စာပေတစ်မျိုးတည်း ဘာသာပြန်ရန်မသင့်၊ သုတ၊ ရသနှင့် အခြားစာမျိုးစုံကိုပါ ဘာသာပြန်သင့်ကြောင်း"** သို့မဟုတ်လျှင် **"စာပေအဆိပ်သင့်နိုင်ကြောင်း"** သတိပေးခဲ့သည်ဟု မှတ်သားဖူးပါသည်။ သို့သော်လည်း တော်လှန်ရေးနှင့် လက်ဝဲစာပေများကိုသာ အလေးထားဘာသာပြန်ခဲ့ကြပါသည်။ နဂါးနီစာအုပ်အသင်းကို ပံ့ပိုးသူများမှာ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်ဗဟိန်းတို့ ဖြစ်ကြသည်။ သူတို့သည် နောင်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)၏ ထိပ်တန်းခေါင်းဆောင်များအဖြစ် ထင်ရှားလာသူများ ဖြစ်ပေသည်။

စာရေးဆရာ တော်တော်များများကလည်း "လက်ဝဲစာပေ"ကို အလေးထားညွှန်းဆိုခဲ့သည်။ ထင်ရှားသည့် သာဓကတစ်ခုမှာ **"လက်ဝဲဝါဒလွှမ်းမိုးလျှင် ကမ္ဘာကြီး အမှန်အကျိုးများမည်"** ဟူ၍ပင် စကားရည်လုပွဲကျင်းပခဲ့သည်။ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့ကပါ။ မန္တလေးတက္ကသိုလ် အခန်း (၁-က) တွင် မန္တလေးတက္ကသိုလ် ရာဇဝင်အသင်းက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုဘက်မှ ပါဝင်သူများမှာ လူထုဦးလှ၊ လူထုဒေါ်အမာနှင့် သူရိယ ဦးသန်းမောင်တို့ ဖြစ်ကြပါသည်။ အဆိုပါအဆိုရှင်များမှာ ယနေ့ထိနိုင်ငံကျော် စာရေးဆရာများစာရင်းတွင် ထိပ်ဆုံးမှ ပါဝင်နေဆဲဖြစ်ပါသည်။ အချေဘက်မှ ပါဝင်သူများမှာ ဘီအိုင်အေ ဦးမောင်ကြီး၊ အထက်တန်း ရှေ့နေကြီး ဦးခင်မောင်ဒွေးနှင့် စီအီးအို ဦးဘကြည်ဆိုသူများ ဖြစ်ကြပါသည်။ အချေအတင် ဆွေးနွေးပြီးနောက် မဲခွဲဆုံးဖြတ်ရာ အဆိုဘက်မှ မဲ ၂၇၀၊ အချေဘက်မှ ၁၆၅ မဲ ရသဖြင့် **"လက်ဝဲဝါဒလွှမ်းမိုးလျှင် ကမ္ဘာကြီး အမှန်အကျိုးများမည်"** ဆိုသည့် အဆိုနိုင်သွားခဲ့သည်။ ယနေ့ကမ္ဘာမှာ ကွန်မြူနစ်ဝါဒ မှေးမှိန်ခဲ့ပါပြီ။ **"မဲများ၍ နိုင်တိုင်းလည်း အမှန်တရားမဟုတ်"** ဟု သမိုင်းသင်ခန်းစာထားခဲ့ခြင်းဖြစ်ပါသည်။

**"နဂါးနီစာအုပ်အသင်းသည် ထိုအချိန်က ကျွန်ဘဝရောက်နေသည့် မြန်မာနိုင်ငံသူ နိုင်ငံသားများကို နိုင်ငံရေးအမြင်ကျယ်လာအောင်၊ ကျွန်ဘဝက လွတ်မြောက်လိုစိတ် မြင့်မားအောင်၊ ဇာတိသွေး ဇာတိမာန်များ တက်ကြွလာအောင်၊ နိုးကြားလာအောင် လှုံ့ဆော်ပေးနိုင်ခဲ့ပါသည်"**။ သို့သော်လည်း **"လက်ဝဲစာပေဦးစားပေးမှု"** ၏ ဘေးထွက်ဆိုးကျိုးအဖြစ် လွတ်လပ်ရေးရအပြီးတွင် ဝါဒစွဲကြီးမားကာ ဗမာပြည်ကွန်မြူနစ်များ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် တောခို၍ ပြည်တွင်းသောင်းကျန်းမှုများ ကြီးထွားခဲ့ပါသည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် **"ကိုလိုနီပညာရေးကြောင့် စာတတ်မြောက်မှုရာနှုန်းသည် ၃၇ ရာခိုင်နှုန်းခန့်"**သာ ရှိခဲ့သည်။ စာမတတ်သူများ၍ ကွန်မြူနစ်ဝါဒကောင်းကြောင်း ဟောပြောသူများ၏ ဝါဒမှိုင်းမိကုန်ကြသည်။ ထို့မှတစ်ဆင့် နိုင်ငံရေးကျိန်စာသင့်ခဲ့ကြသည်။ တကယ့်သမိုင်းဖြစ်ရပ်က မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ကွန်မြူနစ်ထိပ်ခေါင်ရုရှား၊ အရှေ့ဥရောပနိုင်ငံတချို့နှင့် တရုတ်ပြည်တို့တွင်လည်း ကွန်မြူနစ်စနစ် မအောင်မြင်ခဲ့ပေ။ ကမ္ဘာ့သမိုင်းသက်သေပါ။ *(ဆက်လက်ဖော်ပြပါမည်)*

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**

"Empowering the next generation for a resilient future"

**အောက်တိုဘာလ (၁၃) ရက်**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင်FM၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"အစိုးရရဲ့ကမ်းလှမ်းမှုမှာ PDF တွေဘာဆက်လုပ်သင့်လဲ"**ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တိုင်းပြည်တည်ငြိမ်မှာကို မလိုလားသူများက သန်းခေါင်စာရင်း ကောက်ခံသူတွေကို ဒုက္ခပေးနေ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရန် လာရောက်သည့် အကြမ်းဖက်သမား တစ်ဦးအား ပစ်ခတ်ဖမ်းဆီး


**နေပြည်တော် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ညောင်ဦး - ပုဂံသွားကားလမ်းပေါ်၌ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန် လက်လုပ်မိုင်းများ သယ်ဆောင်လာသည့် အကြမ်းဖက်သမားတစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေး၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု မရှိစေရေးနှင့် အများပြည်သူ လုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ယနေ့ နံနက် ၆ နာရီခန့်တွင် ပုဂံမြို့တွင်းသို့ ညောင်ဦးမြို့ဘက်မှ အမျိုးသား တစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို လိုအပ်သည်များ စစ်ဆေးနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ခြောက်လှန့် ပစ်ခတ်တားဆီးခဲ့ရာ ဆိုင်ကယ်တိမ်းမှောက် ရပ်တန့်သွားခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ဆိုင်ကယ်ကို သွားရောက် စစ်ဆေးခဲ့ရာ ဆိုင်ကယ်ခွကြားတွင် ညှပ်၍ သယ်ဆောင်လာသည့် ကွန်ကျူးပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း နှစ်လုံး သိမ်းဆည်းရမိကာ(ယာဉ်) ဆိုင်ကယ်မောင်းနှင်သူ အကြမ်းဖက်သမားသည် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေကြောင်း တွေ့ရှိရပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေအတွင်း အကြမ်းဖက် လုပ်ရပ်များ မကျူးလွန်နိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။





**သတင်းစဉ်**

# ချင်းတွင်းမြစ် ကြက်မွှေးဆိပ်ကမ်းတွင် ဈေးဝယ်လာသည့် လူငယ်တစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ပြီး မြစ်ထဲမျှောခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ် (၈) သုခဝတီရပ်ကွက် ချင်းတွင်းမြစ် ကြက်မွှေးဆိပ်ကမ်းတွင် ဈေးဝယ်လာသည့်လူငယ် တစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ပြီး မြစ်ထဲမျှောခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် အဆိုပါမြို့နယ်များအတွင်း ဆက်ကြေးကောက်ခံခြင်း၊ လူသစ် စုဆောင်းခြင်းများ မကြာခဏ လုပ်ဆောင်လေ့ရှိကြောင်း၊ ထို့အပြင် ၎င်းတို့၏ လုပ်ရပ်များကို အားပေးထောက်ခံမှုမရှိသူများအား ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများ ကျူးလွန်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲစေရန်အတွက် အထောက်အထားမရှိသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့ပေါ်တွင် ဓားများဖြင့် အုပ်စုဖွဲ့လုယက်သူများအား ဖမ်းဆီးရမိ

**အမရပူရ အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်ကျေးရွာတွင် အောက်တိုဘာ ၇ရက်က မသင်္ကာဖွယ် လူငယ် နှစ်ဦးက Scopy. ဆိုင်ကယ်တစ်စီးကို လိုက်လံရောင်းချနေကြောင်း သတင်းအရ အမရပူရမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ဇင်သက် ဦးစီးအဖွဲ့နှင့် အမရပူရခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ဒုရဲအုပ် ဖြိုးသူဝင်း ဦးစီးအဖွဲ့တို့ သွားရောက်စစ်ဆေးရာ ဝေယံဖြိုး(ခ) ကိုဖြိုးနှင့် သူရိန်အောင် (ခ) အာဒေးတို့ နှစ်ဦးအား စစ်ဆေးဖော်ထုတ်ခဲ့ရာမှ ၎င်းဆိုင်ကယ်မှာ လုယက်ယူဆောင်လာသော ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

လုယက်လာသော ဆိုင်ကယ်နှင့်ပတ်သက်ပြီး ဆက်လက်စစ်ဆေးချက်အရ မန္တလေးမြို့ပေါ်ခုနစ်မြို့နယ်အတွင်း အုပ်စုဖွဲ့၍ ဓားဖြင့် လုယက်မှုကျူးလွန်ခဲ့သူများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့နှင့်အတူ ကျူးလွန်ရာတွင်ပါဝင်သည့် တရားခံရှစ်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ လုယူခဲ့သည့် Scopy ဆိုင်ကယ် ငါးစီး၊ Click ဆိုင်ကယ်တစ်စီး စုစုပေါင်း ခြောက်စီးနှင့်အတူ လုယက်ရာတွင်အသုံးပြုသည့်ကားနှင့်ဓားများကို သိမ်းဆည်းရမိခဲ့ပြီး လုယူခဲ့သည့် နယ်မြေများအလိုက် အမှုများ စစ်ဆေးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးသီဟ(အမရ)**



❖ *ကျောဖုံးမှ*

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံစက်မှုဇုန်အနီး၌ လှိုင်းဘွဲ့မြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၃၄၀၀၀) Mitsubishi Canter Truck သုံးစီး၊ Mazada Titan Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၅၃၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

